ကြေးမုံ
The Mirror
၁၃၆၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊ အင်္ဂါနေ့၊ (23-3-2004) (၄၁၈၄)

သုဘာသိတာ စ ယာဝါစာ
ဧတံ မင်္ဂလ မုတ္တမံ။

ချိုသာစွာ ပြောဆိုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါကစ္စတန် အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၄ ခုနှစ် မတ်၂၃ရက်၌ ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာရက်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေး စွမ်းစွမ်းတမံဆောင်ရွက်နေ

မူးယစ်ဆေးဝါးဟာ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်ဖြစ်တယ်။ ငါတို့တပ်မတော်သားတွေဟာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးမှာ အသက်တွေစွန့်ပြီး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြရတယ်။ တပ်မတော်အနေနဲ့ မူးယစ်ဆေးဝါး အန္တရာယ် လုံးဝပပျောက်သွားသည်အထိ အစွမ်းကုန်ကြိုးစားနေတယ်။ မူးယစ်ဆေးဝါးထွက်ရှိတဲ့ ဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကိုလည်း အရှိန်အဟုန်နဲ့ လုပ်ဆောင်ပေးနေတယ်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းဟာ ကမ္ဘာသူ ကမ္ဘာသားအားလုံးနဲ့ သက်ဆိုင်တဲ့လုပ်ငန်းဖြစ်လို့ ကြီးမားကျယ်ပြန့်ပြီး ခက်ခဲနက်နဲတဲ့ လုပ်ငန်းလည်း ဖြစ်တယ်။ ဒီလုပ်ငန်းမှာ စေတနာသန့်သန့်ပါဝင် ကူညီကြမယ်ဆိုရင် တို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံမယ်။ အကယ်၍ မကူညီချင်ဘူးဆိုရင်လဲ တို့အနေနဲ့ ကတော့ ကမ္ဘာ့လူသားများကို ခြိမ်းခြောက် အန္တရာယ်ပြုနေတဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းကို အစွမ်းရှိသမျှ မဖြစ်ဖြစ်အောင် လုပ်သွားမှာပဲဖြစ်တယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၁)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် မော်ကွန်းကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံဖွင့်လှစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်

တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၈ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံသို့ ရောက်ရှိကြသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်သည့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ ဖွင့်ပွဲကို နံနက် ၉ နာရီတွင် အဆိုပါ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ★

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၃-၃-၂၀၀၄
(အင်္ဂါနေ့)

နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ဆက်လက်ထိန်းသိမ်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မြဲရေးကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသောနိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရက နယ်မြေဒေသအစိတ်အပိုင်းအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးမှု၏ အသီးအပွင့်များ ရရှိခံစားနိုင်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် ယခင်ကာလများက နယ်မြေလုံခြုံအေးချမ်းမှု ကင်းမဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် နယ်စပ်ဒေသများကို ဦးစားပေး စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ နယ်စပ်ဒေသများတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ဖြစ်ထွန်းခိုင်မာစေရေး ကြိုးပမ်းရင်း လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ယခင်ခေတ်ကာလက နယ်မြေအေးချမ်းသာယာမှု မရှိခဲ့သည့်အပြင် လမ်းပန်းဆက်သွယ်ရေး ချို့ယွင်းအားနည်းခဲ့၍ စီးပွားကုန်သွယ်မှု အခြေခံကောင်းများ မဖော်ထုတ်နိုင်ခဲ့ပေ။ ယခုအချိန်အခါတွင်မူ တည်ငြိမ်အေးချမ်းမှုနှင့်အတူ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နယ်စပ်အစွန်အဖျားဒေသများတွင် လမ်းမကြီးများ၊ တံတားကြီးများ ဖြစ်ပေါ်လာပြီး ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှုအခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် မတ်လ ၁၉ရက်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) ခရီးစဉ်အတွင်း မူဆယ်မြို့နှင့် ကွတ်ခိုင်မြို့တို့သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ရာတွင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရီးစဉ်အတွင်း မူဆယ်မြို့ ပြည်ထောင်စု အဆင့်မြင့်အားကစားကွင်းသစ်ကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အားကစားကွင်းသစ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က အားကစားကွင်းသစ်ကြီး ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား အမှာစကားပြောကြားရာတွင် **ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နယ်မြေဒေသငြိမ်းချမ်းမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မြဲစေရအောင်နှင့် ဒေသခံပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်အတန်းပိုမိုတိုးတက်မြင့်မားသည်ထက် တိုးတက်မြင့်မားစေရအောင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါ** ဟု တိုက်တွန်းမှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရက မူဆယ်မြို့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ စီမံအားပေးဆောင်ရွက်ခဲ့ရာ ခေတ်မီအဆင့်မြင့် တိုက်တာအဆောက်အအုံများ၊ ဟိုတယ်များ၊ နိုင်ငံတကာအဆင့်မီ ကုန်တိုက်ကြီးများဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုအင်္ဂါရပ်များ ပြည့်စုံလျက် ရှိသည်။ ယခုတစ်ဖန် မီတာ ၄၀၀ ပြေးလမ်းအပါအဝင် စံချိန်မီဘောလုံးကွင်း၊ ပြေးခုန်ပစ်အားကစားကွင်းများနှင့် ပွဲကြည့်ပရိသတ် ၁၅၀၀ ဆံ့ ပွဲကြည့်စင်တို့ပါဝင်သည့် အဆင့်မြင့်အားကစားကွင်းသစ်ကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွန်းလာရေး အထောက်အကူပြုမည်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့နယ်တွင် သံလွင်တံတား (တာပါး)ကို တည်ဆောက်လျက်ရှိသည်။ ယင်းတံတားသည် သံလွင်မြစ်အနောက်ဘက်ခြမ်းရှိ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်းအပိုင်းနှင့် သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ တာပါး-တာရွှေထန်-လောက်ကိုင်လမ်းအပိုင်းတို့ကို ဆက်သွယ်ပေးမည့် ပေ ၆၀၀ ရှည်သည့် ကွန်ကရစ်ခင်းသံမဏိသံပေါင် ကြိုးတံတားဖြစ်သည်။

အဆိုပါတံတား ပြီးစီးသွားပါက သံလွင်မြစ်၏အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့ကို ဆက်သွယ်ပေါင်းကူးပေးသည့် လမ်းကြောင်းတစ်ခု တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။ ထို့အပြင် နယ်စပ်ဒေသနေတိုင်းရင်းသားများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝများ တိုးတက်မြင့်မားလာရေး အထောက်အကူပြုမည်ဖြစ်သည်။ ယင်းသို့ ဖွံ့ဖြိုးတိုးတက်မှုအခြေခံအဆောက်အအုံများစွာကို အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်ခြင်းသည် နယ်မြေဒေသ တည်ငြိမ်အေးချမ်းသာယာနေ၍ဖြစ်သည်။

သို့ဖြစ်ရာ တိုးတက်ဖြစ်ထွန်းလျက်ရှိသော နယ်မြေဒေသ တည်ငြိမ်အေးချမ်းသာယာမှုများကို ဆက်လက်ထိန်းသိမ်းရင်း ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ အဆင့်အတန်း မြင့်မားလာရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မြဲစေရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ဖွင့်လှစ်ပြသမည်

ရန်ကုန် မတ် ၂၂

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်တွင် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ် ပြခန်း၊ ဝန်ကြီးဌာနအသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြခန်း၊ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှတာဝန်ယူပြသမည့် တပ်မတော်သမိုင်းပြခန်း စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည် ဖြစ်သည်။

အဆိုပါ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲအား အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် မတ် ၂၆ရက်မှ ဧပြီ ၄ရက်ထိ အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက် (ရွှေတိဂုံဘုရားလမ်း) (၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)

(မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

ဝန်ကြီး ဦးဝင်းအောင် ပါကစ္စတန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၄ ခုနှစ် မတ် ၂၃ ရက်၌ ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မီရန်ကူရှစ် မာမွတ် ကာစူရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နဝဒေးစစ်ကြောင်းသို့ငွေလှူဒါန်း

ရန်ကုန် မတ် ၂၂

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နဝဒေးစစ်ကြောင်းသို့ အလှူငွေများလှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကြောင်းရုံးတည်ရှိရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် နဝဒေးစစ်ကြောင်းရုံး၌ ကျင်းပရာ နဝဒေးစစ်ကြောင်း စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော်ထံသို့ အေအာရ်ဒီကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းသော်က အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြုကဗျာ

ငါတို့ချစ်သည် မြန်မာပြည်

* ငါတို့ချစ်သည်၊ မြန်မာပြည်တည့်
ပြာရီမှောင်မှိုင်း၊ တောင်တံတိုင်းနှင့်
တောင်လှိုင်းခွေရစ်၊ နေသည်ဖြစ်လျက်
စုလစ်မွမ်းချွန်၊ တံခွန်ကုက္ကား
ဘုရားတန်ဆောင်း၊ သိမ်ကျောင်းဇရပ်
ပြာသာဒ်အဆင်း၊ ရွှေရည်ဝင်းလျက်
အိုင် အင်း မြစ် ချောင်း၊ ရှုမညောင်းသည်
နှစ်ပေါင်းကြာရှည် ခဲ့လေပြီ။

* ငါတို့နေသည်၊ မြန်မာပြည်တည့်
ဇာနည်ယောကျာ်း၊ ပြည်ချစ်သားတို့
ထင်ရှားဘိသော်၊ ခုတိုင်ကျော်သည်
အနော်ရထာ၊ ရာဇာဓိရာဇ်
ကျန်စစ်ဘုရင့်နောင်၊ အခေါင်ထွတ်လန်း
ပြည်ချစ်ပန်းတို့
ရဲစွမ်းအံ့ဖွယ်၊ အသွယ်သွယ်၏
ပန်းနှယ်ထုံသင်း၊ ဂုဏ်သတင်းလျှင်
ထွန်းလင်းကမ္ဘာ ကျော်ခဲ့ပြီ။

* တို့ကာကွယ်မည်၊ မြန်မာပြည်တည့်
ဇာနည်တို့ထုံး၊ ပိုင်ပိုင်သုံး၍
ချေမှုန်းလျက်သော်၊ တပ်မတော်လျှင်
မြေပေါ်မြေအောက်၊ ရေအောက်မချန်
ရန်သူမှန်လျှင်
မကျန်ရပေ၊ ညက်ညက်ကြေ၍
ပျက်ကြွေငြိမ်းချုပ်၊ အမြစ်ဖြုတ်အံ့
အချုပ်အခြာ၊ အာဏာတန်ခိုး
လူမျိုးနယ်ပယ်၊ ကမ္ဘာ့အလယ်တွင်
နေနှယ်ထိန်လင်း၊ လနှယ်ဝင်းဖို့
နှင်းသက်ဆယ်ပြန်၊ စွန့်လွှတ်ရန်လျှင်
ဓိဋ္ဌာန်ခဲ့ပြီ တို့စစ်သည်----။
ပြည်သူ့အတွက် ရဲသွေးနီ----။
ထာဝရ အောင်လံလွှင့်စေမည်။ ။

မြင်းမှူမောင်နိုင်မိုး

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရတော်မူသည့် ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသအား ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာသဘင်အခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် ကြည်ညိုပူဇော်

ရန်ကုန် မတ် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၂ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ ဧရာဝတီတိုင်း ညောင်တုန်းမြို့ နယ်စပ်တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တ ဩဘာသာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (သတင်းစဉ်)

တက်ရောက်ပူဇော်

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ရတနာဇော်တန်ဆောင်း၌ ကျင်းပသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသအား တပည့် ဒါယကာ ဒါယိကာမများက ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာသဘင် အခမ်းအနားသို့ တက်ရောက်ကြည်ညိုပူဇော်သည်။

အဆိုပါ ပူဇော်ပွဲအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ညောင်တုန်းမြို့ နိဂြောဓာရုံစာသင်တိုက်ဆရာတော် အမှူးပြုသော ပင့်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ပူဇော်ပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေသရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

လျှောက်ထား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ မထေရ်မြတ်အား ချီးကျူးပူဇော်သည့် အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ပင့်သံဃာတော် အရှင်မြတ်တို့အား စုံညီစွာ ဖူးမြော်ကြည်ညိုခွင့်ရရှိသဖြင့် ကုသိုလ်မင်္ဂလာတရား တိုးပွားရပါကြောင်း ကြည်နူးဝမ်းမြောက်စွာ လျှောက်ထားအပ်ပါကြောင်း။

ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသသည် သက်တော်(၁၆)နှစ် အရွယ်တွင် ရှင်သာမဏေ ပြုတော်မူခဲ့၍ သက်တော် (၂၀) ရောက်သောအခါ မြင့်မြတ်သော ရဟန်းဘောင်သို့ တက်လှမ်းပြီး မန္တလေးမြို့ရှိ စာသင်တိုက်ကြီးများ၌ စာချအကျော် ဆရာတော်ကြီးများထံ၌ နှစ်ပေါင်းများစွာကြာအောင် နိဿရည်းခံယူလျက် နိကယ်ငါးရပ် ပိဋကတ်သုံးပုံကို နှံ့စပ်စုံလင်ကုန်စင်အောင် သင်ယူခဲ့သဖြင့် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများ အောင်မြင်ပြီးနောက် ဓမ္မာစရိယ စာချတန်းစာမေးပွဲကို ဆက်လက်ဖြေဆို အောင်မြင်တော်မူသည့်အပြင် ညောင်တုန်းမြို့၌ကျင်းပသည့် အဘိဝံသ သုခမ္မာ ပရိယတ္တိစာမေးပွဲကိုလည်း အောင်မြင်တော်မူခဲ့ကြောင်း လေ့လာသိရှိရပါကြောင်း။

ထိုကဲ့သို့ စာမေးပွဲများ အဆင့်ဆင့် အောင်မြင်ပြီးနောက် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်း စာသင်တိုက်၌ သီတင်းသုံးနေထိုင်တော်မူလျက် မိမိတတ်ကျွမ်းထားသည့် စာပေ ပရိယတ် ပိဋကတ် ကျမ်းဂန်များကို တပည့် ရဟန်းသာမဏေများအား သင်ကြားပို့ချပေးနေကြောင်း သိရှိကြည်ညိုရပါကြောင်း။

တစ်ဖန် ၁၃၄၂ခုနှစ် (၁၉၈၀ပြည့်နှစ်)တွင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ ဆုံးဖြတ်ချက်နှင့် ပြဋ္ဌာန်းချက်များအရ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းရာ၌ ဆရာတော်ကြီးသည် သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်းခံရကြောင်းသိရှိရပါကြောင်း။

ဆက်လက်၍ ၁၉၈၁ခုနှစ် မတ်လ၌ ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၈၅ခုနှစ် မတ်လတွင် ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့၍ ၁၉၉၀ပြည့်နှစ်တွင် တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင် အဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်နှင့် ၂၀၀၁ခုနှစ်များတွင်လည်း စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင် အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်း ခံတော်မူရ၍ ယနေ့တိုင်အောင် တွဲဖက်အကျိုးတော်ဆောင် တာဝန်ကို ဆက်လက်ထမ်းဆောင်တော်မူလျက် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သံဃာ့အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းများ၊ ဝိနိစ္ဆယရေးရာ လုပ်ငန်းများ၊ ပရိယတ္တိပညာရေးဆိုင်ရာ လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူခြင်းဖြင့် သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူနေကြောင်း သိရှိကြည်ညိုရပါကြောင်း။

ထို့ပြင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး နှစ်ခုတို့၏ ဩဝါဒါစရိယအဖွဲ့၊ ဥက္ကဋ္ဌတာဝန်နှင့် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဩဝါဒါစရိယအဖွဲ့၊ အကျိုးတော်ဆောင် တာဝန်များကို ထမ်းဆောင်တော်မူလျက် ရှိကြောင်း သိရှိကြည်ညိုရပါကြောင်း။

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က သာသနာရေး လုပ်ငန်းတာဝန်များကို ရှေ့တန်းမှ ဆောင်ရွက်နေတော်မူကြသကဲ့သို့ တပည့်တော်တို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအဖွဲ့သည်လည်း ဒါယကာ ဒါယိကာမများ၊ ပြည်သူ ပြည်သားများကို ဦးဆောင်လျက် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာတော်တည်းဟူသော သာသနာတော် သုံးရပ် အခွင့်ရှည်ကြာ တည်တံ့ပြန့်ပွားထွန်းကားစေရန် ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟဖြင့် အင်တိုက်အားတိုက် ထောက်ပံ့ လှူဒါန်းလျက် ရှိကြပါကြောင်း။

ဤသို့ ကောင်းမှုအစုစုတို့ကြောင့် ကျေးဇူးရှင် ဆရာတော်ကြီးသည်လည်း ကျန်းမာစွာဖြင့် သက်တော်ရာကျော် ရှည်၍ တပည့် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်း စုံစုံညီညီ ဝိုင်းရံလျက် သာသနာရေးဆိုင်ရာ လုပ်ငန်းများကို စတက်ထမ်းပိုး၍ ဆောင်ရွက်တော် မူနိုင်ပါစေကြောင်း ဆန္ဒမွန် ပြုအပ်ပါကြောင်း။

တပည့်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း မိုးသုံးပါး ညီညာမျှတ၍ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဆန်ရေစပါး၊ ဓာတ်သတ္တု၊ ကျောက်မျက်ရတနာများ အလျှံပယ်ထွက်ရှိပြီး နိုင်ငံသူ၊ နိုင်ငံတော်သားတိုင်း ကုံလုံကြွယ်ဝလျက် ချမ်းသာသုခ ခံစားနိုင်ကြပါစေသော်ဟု ဆုမွန်ကောင်းတောင်းလျက် တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါကြောင်းဖြင့် လျှောက်ထားသွားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရ ဆရာတော်ကြီးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပူဇော်ပွဲကျင်းပရေး ကော်မတီအဖွဲ့ဝင် ဦးဉာဏ်ထွန်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသ၏ ထေရုပ္ပတ္တိကို ဖတ်ကြား ပူဇော်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း ကျောင်းထိုင် ဘုန်းတော်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက ချီးကျူးထောမနာစကား လျှောက်ထားသည်။

ထို့နောက် ဧရာဝတီတိုင်း ပုသိမ်မြို့မှ ဆရာဦးထိန်လင်းက အဘိဓဇ ဂုဏာဝိသိဋ္ဌ မင်္ဂလာဩဘာစာကို လည်းကောင်း၊ သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဂုဏဝန္တနာ ဂါထာတော်ဖြင့်လည်းကောင်း ဖတ်ကြား ပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်အဆိုတော်များက တေးထပ်၊ ရတုတို့ဖြင့် သီဆိုပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ကလေးဝတောရ ပဓာနနာယက ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပရိသတ်တို့က အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညောင်တုန်းမြို့ မြစ်ရေတိုက်စားမှုကာကွယ်ထိန်းသိမ်းရေးအတွက် (၁၁)လမ်းနှင့်(၁၂)လမ်းကြားရှိ ပန်းလှိုင်မြစ် ကျောက်စီကမ်းပါး တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် မြစ်ကမ်းပါး သာယာလှပရေးအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းစီမံပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညောင်တုန်းမြို့မှ ထွက်ခွာခဲ့ကြရာ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

"အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့"

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ

စုံညီအစည်းအဝေး

ရန်ကုန်မြို့ ၂၈-၂၉.၃.၂၀၀၄

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားစဉ်။(သတင်းစဉ်)

ခရမ်း၊ သုံးခွ၊ သန်လျင်၊ ကျောက်တန်းမြို့နယ်များ နွေရာသီစိုက်ပျိုးရေရရှိမည် ရန်ကုန်မြို့တော်နေပြည်သူများ ရေအတွက် ပူပင်သောကရောက်စရာမရှိတော့

★ **ရွှေဖုံးမှ**

ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံကို တည်ဆောက်ခဲ့သည့် ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်၊ တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ် ၊ လှိုင်သာယာမြို့နယ်၊ လှည်းကူးမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် အင်းစိန်မြို့နယ်များမှ တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူ စုစုပေါင်းအင်အား ၅၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် လှည်းကူးမြို့နယ်နှင့်တကွ လှည်းကူးနှင့် ရန်ကုန်မြို့တော်အကြား ကျယ်ပြန့်လှသည့် လယ်ယာမြေများကို စိုက်ပျိုးရေပေးဝေနေသည့်အပြင် ရန်ကုန်မြို့တော်၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေပေးဝေနေသည့် ငမိုးရိပ်ဆည်ကြီး၏ ရေပေးဝေမှုကိုပိုမိုပြည့်စုံစနစ်ကျပြီး ပိုမိုအကျိုးရှိထိရောက်အောင် မြှင့်တင်စွမ်းဆောင်ပေးနိုင်မည့် ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံကို ယနေ့ဖွင့်လှစ်နိုင်ခြင်းသည် လှည်းကူးမြို့နယ်အတွက်သာမက ရန်ကုန်တိုင်းအတွင်းရှိ အခြားသောမြို့နယ်များကို သွယ်ဝိုက်အကျိုးပြုမှာဖြစ်သလို ရန်ကုန်မြို့တော်ကြီးအတွက်လည်း အကျိုးကျေးဇူးများစွာ တိုးပွားဖြစ်ထွန်းစေမှာ အမှန်ပင်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အလွန်ကောင်းမွန်သော ရေမြေသယံဇာတတို့ဖြင့်များစွာ ပြည့်စုံကြွယ်ဝလှသည့် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် ယခုကဲ့သို့ သုံးမကုန်လောက်အောင် ကြွယ်ဝများပြားလှသော ရေမြေသယံဇာတအင်အားကို နိုင်ငံတော်အစိုးရအနေဖြင့် အကျိုးအဖြစ်ထွန်းနိုင်ဆုံး မြှင့်တင်ပေးနိုင်စေရအောင်နှင့် နောင်သားစဉ်မြေးဆက် အရှည်သဖြင့် အကျိုးဖြစ်ထွန်းနိုင်စေရအောင် ခေတ်မီနည်းပညာရပ်များ၏ စွမ်းအားဖြင့် နည်းလမ်းအသွယ်သွယ်ကြံဆပြီး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပင်မစီးပွားရေးလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားအများစုကြီးဖြစ်သည့် ကျေးလက်နေ တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းမှုကိုသာမက ပြည်သူများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက်ကိုပါ မြှင့်တင်စွမ်းဆောင်ပေးနိုင်မည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ရေရရှိရေး အစီအမံအမျိုးမျိုးကို နည်းလမ်းအသွယ်သွယ်ဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဆည်ကြီးများ၊ ရေလှောင်တမံကြီးများ၊ ရေထိန်းတံခါးကြီးများ၊ အသေးစားနှင့် အလတ်စား ဆည်အစုအဖွဲ့များ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများသည် နိုင်ငံအနှံ့အပြားတွင် ချက်ချင်းလက်ငင်း ဖန်ဆင်းပေးလိုက်သလို လက်ညှိုးထိုးမလွဲ ဖြန့်ကြက်ဖြစ်ထွန်းလာနေခြင်းပင်ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် ယခုဖွင့်လှစ်သည့် ပေါင်းလင်းရေလှောင်တမံအပါအဝင် မိမိတို့ နိုင်ငံတော်အစိုးရလက်ထက်ကာလမှာ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ဆည်တမံပေါင်း ၁၅၈ခုအထိ ရှိနေပြီဖြစ်ကြောင်း၊ ဤဆည်တမံ ၁၅၈ခု တည်ဆောက်ရေးအတွက် နိုင်ငံတော် ဘဏ္ဍာငွေကျပ်သန်းပေါင်း ၆၉၀၀၀ကျော် ခုနစ်သောင်းနီးပါး ကုန်ကျခဲ့ရသော်လည်း လယ်မြေဧက ၂သန်းကျော်ကို ရေသွင်းစိုက်ပျိုးနိုင်အောင် အကျိုးပြုနိုင်နေပြီဖြစ်ခြင်းကြောင့် နိုင်ငံတော်နှင့်တကွ တောင်သူလယ်သမားကြီးများ၊ ကျေးလက်နေပြည်သူများအတွက် ထိရောက်စွာ အကျိုးဖြစ်ထွန်းစေလျက်ရှိသည်မှာ အမှန်ပင်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့ နိုင်ငံတော်အစိုးရခေတ် ကာလတွင် ဆည်တမံများ တည်ဆောက်ရာ၌ စိုက်ပျိုးရေ ရရှိရေးသက်သက်အတွက်သာမက အခြေအနေပေးသည့် နေရာဒေသများတွင် ရေအားလျှပ်စစ်စီမံကိန်းကြီးများ ယှဉ်တွဲစီမံဆောင်ရွက်ပေးနေသကဲ့သို့ ပူပြင်းခြောက်သွေ့သော အပူပိုင်းဇုန်နေရာဒေသများအတွက်ပါ ရေခါတ်အစိုခါတ်ရရှိရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုမှန်ကန်မျှတရေး အစီအမံများ၊ ရေကြီးနစ်မြုပ်ရာဒေသများတွင် ရေထိန်းချုပ်ရေး အစီအမံများ၊ ရေငန်ဝင်ရောက်မှုမှ တားဆီးပေးသည့် အစီအမံများနှင့် မြို့ရေပေးရေးအစီအမံများကိုပါ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့်လည်း ယနေ့တည်ဆောက်ပေးခဲ့သည့် ဆည်မြောင်းတာတမံများသည် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုကိုသာမက ပြည်သူများအတွက် စားနပ်ရိက္ခာ ပြည့်တင်းပေးနိုင်မှု၊ ဒေသဖွံ့ဖြိုးမှုမှတစ်ဆင့် ပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားမှု၊ မြို့ပြဖွံ့ဖြိုးမှုအကျိုးရလဒ်ကောင်းများကိုပါ အဘက်ဘက်က ဖော်ဆောင်ပေးနိုင်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ငမိုးရိပ်ဆည်ကြီးသည် မိမိတို့ အစိုးရလက်ထက် ၁၉၉၅ခုနှစ်တွင် နိုင်ငံတော်အတွင်း ပထမဆုံးနှင့် အကြီးဆုံးဆည်ကြီးတစ်ခုအဖြစ်နှင့် အနည်းငယ်သော ယန္တရားများကို စုစည်းလျက် မြန်မာအင်ဂျင်နီယာပညာရှင်များ၏ စွမ်းပကားသက်သက်ဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆည်ကြီးတစ်ခုလည်းဖြစ်ကြောင်း၊ ယခုအခါ စစ်ကိုင်းတိုင်းက သဖန်းဆိပ်ဆည်ကြီးအပါအဝင် ကြီးမားသော ဆည်ကြီးများ ထပ်မံပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ ဤငမိုးရိပ်ဆည်ကြီးသည် လှည်းကူးမြို့နယ်နှင့် လှည်းကူးနှင့် ရန်ကုန်မြို့တော်အကြား လယ်မြေ ဧက ၇၀၀၀၀ကျော်ကို အကျိုးပြုနိုင်ရုံမျှမက ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် တစ်နေ့လျှင် ရေဂါလံသန်း ၉၀ ခန့် ဖြည့်ဆည်းပေးနိုင်နေသည့် ရန်ကုန်မြို့တော်အတွက် အရေးပါဆုံး ဆည်ကြီးတစ်ခုလည်းဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော်ဝန်းကျင်တွင် ရန်ကုန်မြို့တော်နေပြည်သူများအတွက် ဆန်စပါး၊သားငါးနှင့် ဟင်းသီးဟင်းရွက် မီးဖိုချောင်သုံး သီးနှံများ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေး မွေးမြူရေးဇုန်ကြီးများ ထူထောင်သွားရန် လမ်းညွှန်မှာကြားခဲ့သည်နှင့်အညီ ရန်ကုန်မြို့တော် ပတ်ဝန်းကျင်တွင် ထူထောင်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းလုပ်ငန်းကြီးများအတွက်ပါ ဤငမိုးရိပ်ဆည်ကြီးက စိုက်ပျိုးရေကို တိုးချဲ့ဖြန့်ဖြူးပေးနိုင်လျက်လည်း ရှိနေကြောင်း။

တိုင်းပြည်တိုးတက်ရန်ဆိုရာတွင် ကုန်ထုတ်လုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် စိုက်ပျိုးရေအလျှံပယ် ရရှိရေးတို့သည် အဓိကကဏ္ဍက ပါဝင်လျက်ရှိနေကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည့် ဆည်တမံကြီးများဖြစ်သော ပေါင်းလောင်းဆည်၊ ရဲရွာဆည်၊ မုန်းချောင်းဆည်ရေအားလျှပ်စစ်စီမံကိန်းများ၊ ရွှေလီ၊ရွှေကျင်၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းများအပြင် ပဲခူးရိုးမက စီးဆင်းသည့် မြစ်ချောင်းများကတစ်ဆင့် ခပေါင်း၊ ဖြူး၊ ရဲနွယ်၊ ကွန်း စသည့် ရေအားလျှပ်စစ်စီမံကိန်းများကိုပါ ငွေကြေးမြောက်မြားစွာအသုံးပြုပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ၁၉၈၈ခုနှစ်နောက်ပိုင်းကာလ ရေအားလျှပ်စစ်စီမံကိန်း ၂၈ခုတည်ဆောက်ပေးခဲ့ပြီး တည်ဆောက်ဆဲစီမံကိန်း ၁၂ခု ပြီးစီးသွားပါက နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အား အတော်လုံလောက်မှုရှိလာမှာဖြစ်ကြောင်း။

တောင်သူလယ်သမားများ၊ ကျေးလက်နေပြည်သူများအတွက် စိုက်ပျိုးရေ ရရှိပြီး တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်အောင် အကြီးဆုံးဆည်ကြီးဖြစ်သည့် သဖန်းဆိပ်ဆည် အပါအဝင် ဆည်တမံပေါင်း ၁၅၈ခုကို တည်ဆောက်ပေးခဲ့သည့်အပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ရေထိန်းတံခါး စီမံကိန်းများကိုပါ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယခုဆိုလျှင် မိုးစပါး၊ နွေစပါးအပြင် ပဲအမျိုးမျိုးအပါအဝင် အခြားသီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးနိုင်လာသည်ကို တွေ့ရကြောင်း။

ယခုတစ်ဖန် နိုင်ငံတော်အကြီးအကဲက ရန်ကုန်မြို့တော်ဝန်းကျင်မိုင် ၃၀ ပတ်လည် ဒေသများ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး စီမံဆောင်ရွက်သွားရန် ထပ်မံလမ်းညွှန်ချက်အရ အထူးစီမံကိန်းတစ်ရပ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာလည်း ငမိုးရိပ်ဆည်က ဖြန့်ဝေသည့် စိုက်ပျိုးရေများကို လှည်းကူးနှင့် ရန်ကုန်မြို့တော်အကြား လယ်မြေများကို ပိုမိုတိုးတက်ဖြန့်ဝေသွားရန်အပြင် ငမိုးရိပ်ဆည်ရေများကို တူးမြောင်းများနှင့် သွယ်တန်းသယ်ယူပြီး ပဲခူးမြစ်ကို ဖြတ်သန်းတည်ဆောက်နေသည့် ရန်ကုန်–သန်လျင်တံတား အမှတ်(၂)ပေါ်က ပိုက်လိုင်းများဖြင့် သွယ်တန်းဖြတ်ကူးလျက် သန်လျင်၊ကျောက်တန်းမြို့နယ်များအထိ ဖြန့်ဖြူးသွားရန် ထည့်သွင်းစီမံ ဆောင်ရွက်လျက်လည်း ရှိနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် ငမိုးရိပ်ဆည်၏ ရေပေးဝေမှုကို ပိုမိုစနစ်ကျပြီး ပိုမိုအကျိုးရှိထိရောက်အောင် စီမံဖန်တီးနိုင်ရန်နှင့် လုံလုံလောက်လောက် ဖြန့်ဖြူးပေးနိုင်စေရန်အတွက် အထောက်အကူပြုပေးမည့် ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံကြီးကို ထပ်မံတည်ဆောက်ပေးခဲ့ရာ ယနေ့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ရန်ကုန်တိုင်းအတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေကို ထပ်မံအားဖြည့်ပေးလိုက်ခြင်းဖြစ်ခြင်းကြောင့် ရန်ကုန်တိုင်းအတွင်းက ပြည်သူများအားလုံးအတွက် များစွာအကျိုးပြုနိုင်တော့မှာဖြစ်ကြောင်း၊ ယခုလာမည့် မိုးရာသီတွင် ဆည်ရေမှတစ်ဆင့် စုဆောင်းထိန်းထားနိုင်တော့မည်ဖြစ်ကြောင်း။

ယခုဆိုလျှင် ဤပေါင်းလင်း ရေလှောင်တမံနှင့် မကြာမီက ပြီးစီးသွားသည့် မဟူရာရေလှောင်တမံတို့က ငမိုးရိပ်ဆည်ကြီးအတွင်းသို့ ရေကူပေးနိုင်တော့မှာဖြစ်ခြင်းကြောင့် လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အတွက် စိုက်ပျိုးရေအလုံအလောက် ရရှိလာတော့မှာဖြစ်ကြောင်း၊ ထို့ပြင် မိုင် ၃၀ ပတ်လည် စီမံကိန်းအရ မိုးယွန်းကြီးအင်းကတစ်ဆင့် ရေသွယ်ယူပြီး ခရမ်းချောင်းအတွင်း ဖြည့်တင်းပေးသည့် အစီအစဉ်များ ပြီးစီးသွားပါက ယခင်တုန်းက **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✻

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတွင် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

23-3)KM.P65 4 3/23/04, 1:38 AM

✻ **စာမျက်နှာ ၄ မှ**

နွေရာသီတွင် လုံးဝစိုက်ပျိုးရေမရရှိခဲ့သည့် ခရမ်း၊ သုံးခွ၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်များအတွက် နွေရာသီစိုက်ပျိုးရေရရှိလာတော့မှာဖြစ်ခြင်းကြောင့် ရန်ကုန်တိုင်းအတွက် တစ်နှစ်သုံးသီး စိုက်ပျိုးလာနိုင်တော့မှာဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်နေပြည်သူများအတွက်လည်း ရေအတွက်ပူပင်သောကရောက်စရာ မရှိတော့ကြောင်း ပြောကြားလိုကြောင်း။

ထို့ကြောင့် ငမိုးရိပ်ဆည်ရေ၏ အကျိုးကျေးဇူးကိုရရှိခံစားနေကြရသည့် ကျေးလက်နေ ပြည်သူများနှင့် တောင်သူလယ်သမားကြီးများ၊ မြို့တော်နေ ပြည်သူများကလည်း နိုင်ငံတော်အစိုးရ၏ မြင့်မားမွန်မြတ်သော ရည်မှန်းချက်၊ ဖြူစင်သန့်ရှင်းသော စေတနာတို့ကို သိမြင်နားလည်ပြီး တောင်သူလယ်သမားများက ဆည်ရေကိုအကျိုးရှိထိရောက်စွာ အသုံးပြုရင်း မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင်၊ မိမိတို့၏ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားအောင် ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မြို့တော်နေပြည်သူများကလည်း ရေအလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲကြရန် တစ်ဆက်တည်း မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ အပါအဝင် နိုင်ငံသူ၊ နိုင်ငံသားတိုင်းရင်းသားပြည်သူများအားလုံး၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှု၊ ပြည်သူအများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ အဆင့်အတန်းတိုးတက်မြင့်မားမှုတို့ကို ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်ကို အားလုံးအသိအမြင်တွေ့ပဲဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရအောင်နှင့် နောင်အနာဂတ်သားစဉ်မြေးဆက်တိုင်သည်အထိ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ဆက်လက်ဖြစ်ထွန်းနေစေရအောင် ရည်မှန်းချမှတ် ဆောင်ရွက်နေသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကိုလည်း အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းလျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးနှင့်တကွ မြန်မာနိုင်ငံသူ၊နိုင်ငံသားများအားလုံး၏ အနာဂတ်ခရီးလမ်း ဖြောင့်ဖြူးသာယာစေရေးနှင့် အမျိုးသားရေးအကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်စေရေးဦးတည်ပြီး နိုင်ငံတော်၏ မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် တိုင်းရင်းသားပြည်သူများအားလုံးက တစ်စိတ်တည်းတစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာရေးနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိတင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်စေရေးတို့အတွက် ပြည်သူများအပိုင်းက လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေး၊ အသားကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ စနစ်တကျ ဖော်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ ထို့ပြင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ လူနေမှုဘဝ၊ စီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် ကျရာတာဝန်ကို ဦးလည်မသုန် ထမ်းရွက်ကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရအောင် လုပ်ဆောင်ပေးရာတွင် အရင်းအမြစ်စွမ်းအားစုကြီးတစ်ခုအဖြစ်ဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို မဏ္ဍိုင်ပြုပြီး လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစည်ပင်လာရေးအတွက် အရေးပါသော ရေရရှိရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအကျိုးခံစားရအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြောင်း၊ ကွဲပြားခြားနားသော ရေမြေအခြေခံများအလိုက် နိုင်ငံ၏အထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းဒေသအသီးသီး၌ ဆည်တမံမြစ်ရေတင်စီမံကိန်းများဖြင့် ဖြည့်ဆည်းလုပ်ကိုင်ပေးခဲ့ကြောင်း။

ထို့ကြောင့်လည်း ဤဒေသကဲ့သို့ မိုးများသည့်အောက်ပြည်အောက်ရပ်အတွက် မိုးပြတ်သည့်ဆောင်းနှင့်နွေကာလပတ်လုံးတွင် သီးထပ်သီးညှပ်များ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရအောင် ငမိုးရိပ်ရေလှောင်တမံကြီးကို ၁၉၉၅ ခုနှစ်က သီးနှံစိုက်ပျိုးရေး၊ မြို့သောက်သုံးရေပေးဝေရေးဘက်စုံစီမံကိန်းအဖြစ်ဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း။

ဒေသနေပြည်သူများ သိရှိကြသည့်အတိုင်း ငမိုးရိပ်ချောင်း၏ ရေစီးအားသည် လက်ရှိအနေအထားတွင် ရေဧကပေ လေးသိန်းကို ရေလှောင်တမံ၏ ရေပိုလွှဲက ထုတ်လွှတ်ပေးနေရသည့်အလျောက် ဤရေစီးရေလာကို အကျိုးအရှိဆုံးအသုံးချနိုင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့် ယခုကဲ့သို့ ပေါင်းလင်းရေလှောင်တမံကို ငမိုးရိပ်တမံ ရေကူရန်အတွက် မဟူရာတမံနှင့် ယှဉ်တွဲတည်ဆောက်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၀၃ခုနှစ် ဇွန်လက စတင်အကောင်အထည်ဖော်ခဲ့သည့် ပေါင်းလင်းရေလှောင်တမံသည် မဟူရာ

စုပေါင်း ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပေါင်းလင်း (ငမိုးရိပ် ရေကူ) ရေလှောင်တမံ ဖွင့်ပွဲ အပြီးတွင် ဖွင့်ပွဲ မှန်ဦးရှေ့၌ ဒေသခံ ပြည် သူ များ နှင့် အတူ စုပေါင်း ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

ရေလှောင်တမံနှင့် ယှဉ်တွဲပြီး ရန်ကုန်တိုင်းအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ငမိုးရိပ်နှင့်အတူ ရေကူစီမံပေးနိုင်တော့မည့်အပြင် နိုင်ငံတော်က အကောင်အထည်ဖော်နေသည့် မြို့တော်ဝန်းကျင် မိုင်၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီး အောင်မြင်ရေးအတွက်ကိုပါ အားပြုရမည့် လက်နက်ကောင်းတစ်ခုအဖြစ် အသုံးချသွားနိုင်တော့မှာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားကြီးများ၊ မိရိုးဖလာ အသက်မွေး စိုက်ပျိုးထုတ်လုပ်မှု ဘဝကနေ အောင်မြင်ကြီးပွားသည့် စီးပွားဖြစ်လုပ်ငန်းပိုင်ရှင်ကြီးများ ဖြစ်လာအောင် ရေရရှိရေး၊ ရေဘေးကာကွယ်ရေး လုပ်ငန်းများဖြင့် အကောင်အထည်ဖော်ပေးနေသကဲ့သို့ မိမိတို့လက်ဝယ်မှာရှိသည့် မြေသယံဇာတများ တိုးချဲ့စိုက်ပျိုးပြီး သီးထပ်သီးညှပ်စိုက်ခင်းကြီးများဖြစ်လာအောင်၊ သမားရိုးကျလက်မှုလယ်ယာဘဝကနေ အချိန်နှင့်လုပ်အားကို အကျိုးအရှိဆုံး အသုံးချနိုင်မည့် စက်မှုလယ်ယာကုန်ထုတ်လုပ်ငန်းများဖြစ်လာအောင်၊ ခေတ်မီသည့်နည်းပညာ အတတ်ပညာများကို အသုံးချပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်အောင် ဦးဆောင်လမ်းပြ ဖြည့်ဆည်းဆောင်ရွက်နေသည်ကိုလည်း သိမြင်ကြပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဒေသခံတောင်သူလယ်သမားကြီးများအနေဖြင့် မိမိတို့စီးပွားရေးဘဝသာမက နိုင်ငံ၏ တိုးတက်ဖြစ်ထွန်းမှုအတွက်ကိုပါ မျှော်ကိုးပြီး မိမိတို့နှင့် လက်ပွန်းတတီး ရှိနေသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတော်က အားထားဆောင်ရွက်နေသည့် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ဝါ၊ ကြံသီးနှံများ အရည်အသွေးနှင့် အထွက်နှုန်းကောင်း ထွက်ကုန်များ ထုတ်လုပ်နိုင်ရေး၊ သမားရိုးကျ တစ်မယ်ကောင်း၊ နှစ်မယ်ကောင်း လယ်ယာပို့ကုန်များထုတ်လုပ်တင်ပို့နိုင်မှုက ပို့ကုန်အမယ်သစ်များဖြစ်သည့် နှစ်ရှည်နှင့် ဥယျာဉ်ခြံသီးနှံထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဖန်တီးလုပ်ကိုင်ကြပြီး ဆန်စပါးပိုလျှံရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန်ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများတိုးတက်ထုတ်လုပ်ရေး ရည်မှန်းချက်များကို မျက်ခြည်ပြတ်မခံဘဲ ကြိုးပမ်းအားထည့်ဆောင်ရွက်ကြရန် အခါအခွင့်သင့်၍ တိုက်တွန်းမှာကြားလိုကြောင်း။

တစ်ဖက်ကလည်း မြန်မာ့လယ်ယာစီးပွားရေးလုပ်ငန်းကြီးမှာ အမာခံဒေသတစ်ခုအဖြစ်နဲ့ရပ်တည်နေတဲ့ ရန်ကုန်တိုင်း အနေနဲ့ ဒေသရဲ့ ရေခံမြေခံကောင်းတွေကို အသုံးချပြီး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းမှာ သီးနှံစိုက်စွမ်းအား ၁၃၃ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်တဲ့ အစဉ်အလာကောင်းတွေကို ထိန်းသိမ်းမြှင့်တင်ရင်း မိမိတို့ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ပိုမိုဖြည့်စွမ်းပေးနိုင်လိမ့်မယ်လို့လည်း အားထားမိပါတယ်။

ယခု ပေါင်းလင်းရေလှောင်တမံကို ရေဧကပေ တစ်သိန်း နှစ်သောင်းခန့် သိုလှောင်နိုင်အောင် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း၊ ရေလှောင်တမံသည် တမံအမြင့်ပေ ၁၀၀နှင့်ပင်မတမံနှင့် ကုန်းကျောတမံအပါအဝင် တမံအလျား ၂၂၃၅ပေ ရှိကြောင်း။

နိုင်ငံတော်က ငွေကျပ် ၄၆၇သန်း ရင်းနှီးမြှုပ်နှံကျခံပြီး တစ်နှစ်တာကာလအတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ခဲ့ရာတွင် လုပ်ငန်းများ အချိန်မီပြီးစီးအောင်ကြိုးပမ်းစီမံကြီးကြပ်ပေးသည့် ဒေသအာဏာပိုင်အဖွဲ့အစည်းက တာဝန်ရှိသူများနှင့် တည်ဆောက်လုပ်ကိုင်ခဲ့ကြသည့် ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပြီး မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ပြောကြားလိုကြောင်း။

တစ်ဆက်တည်းမှာပင် ရေလှောင်တမံကြီးကို ရေရှည်တည်တံ့သုံးစွဲနိုင်ရေးအတွက် ရေလှောင်တမံတွင် ရေစီးဝင်မှုကောင်းအောင် ရေဝင်ရေလဲများကောင်းအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လည်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြောကြားရာတွင် ယခုအခါ ရန်ကုန်မြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၏ မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆောင်းသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်အပင် များကို ကွက်လပ်မကျန် စိုက်ပျိုးလျက်ရှိရာ အဓိကလိုအပ်ချက်ဖြစ်သည့် ရေရရှိရေးကို ငမိုးရိပ်ရေလှောင်တမံက အထောက်အကူပြုနေခြင်းဖြစ်ကြောင်း၊ လက်ရှိအားဖြင့် ငမိုးရိပ်ရေလှောင်တမံ၏ ရေလှောင်ပမာဏ ဧကပေ ၁၈၀၀၀၀ဖြင့် ရေပေးဝေခဲ့ရာမှ ပေါင်းလင်းရေလှောင်တမံ၏ သိုလှောင်ရေ ဧကပေ၁၁၉၂၀၀နှင့် မဟူရာရေလှောင်တမံ၏ သိုလှောင်ရေ ဧကပေ ၅၄၀၀၀ နောက်ထပ်တိုးလာမှာဖြစ်သည့်အတွက် ဆည်သုံးဆည်၏ သိုလှောင်ရေ ဧကပေ ၃၅၃၂၀၀ကို မိုင် ၃၀ပတ်လည် စိမ်းလန်းစိုပြည်ရေးနှင့် မြို့တော်သောက်သုံးရေ ရရှိရေးတို့တွင် ပိုမိုတိုးမြှင့် အထောက်အကူပြုနိုင်တော့မှာ ဖြစ်ကြောင်း။

ထို့ပြင် ငမိုးရိပ်ရေလှောင်တမံမှ တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်ထုတ်လွှတ်ပြီး ဖောင်ကြီးကျေးရွာ ပတ်ဝန်းကျင်ကိုပါ လျှပ်စစ်မီး အားဖြည့်ပေးမှာဖြစ်သည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ရပါကြောင်း။

ငမိုးရိပ်တမံ၏ ရေဆင်းဧရိယာများအတွင်းက စီးဝင်ရေ ပမာဏစုစုပေါင်းမှာ ဧကပေ ၆၄၀၀၀၀ခန့် ရှိခြင်းကြောင့် မိုးရာသီတွင် ငမိုးရိပ်တမံ၏ သိုလှောင်နိုင်သည့် ပမာဏထက် ပိုလျှံရေများကို ရေပိုလွှဲကတစ်ဆင့် ထုတ်လွှတ်ထားခဲ့ရကြောင်း၊ ထိုသို့ ထုတ်လွှတ်လိုက်ရသည့်ရေများနှင့် ဒေသအတွင်း ရွာသွန်းသည့်မိုးရေများကြောင့် လှည်းကူးမြို့နယ် အနိမ့်ပိုင်းများဖြစ်သည့် ဘားလားဒေသ၊ ရေတလဘောင်၊ ကုန်းတလဘောင် စသည့် ဒေသများသည် ရေကြီးကွင်း၊ ရေနက်ကွင်းဒေသများ ဖြစ်နေကြောင်း၊ ဘားလားဒေသတွင် ရေနုတ်မြောင်းများနှင့် ဆင်ဖုံ့ရေတံခါးက ရေထုတ်နုတ်သော်လည်း ဒေသအတွင်း မိုးသည်းထန်စွာ ရွာသည့်အချိန်နှင့် ဒီရေထသည့်ရက်များတွင် ရေကြီးမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း။

ယခုကဲ့သို့ ပေါင်းလင်းရေလှောင်တမံနှင့် မဟူရာရေလှောင်တမံများ တည်ဆောက်လိုက်သည့်အတွက် မိုးတွင်းကာလ ငမိုးရိပ်တမံရေပိုလွှဲကထုတ်လွှတ်ရမည့် ရေများကိုထိန်းထားနိုင်ပြီဖြစ်၍ ရေကြီးကွင်း၊ ရေနက်ကွင်းဖြစ်နေသည့် ဘားလားဒေသ၊ ရေတလဘောင်၊ ကုန်းတလဘောင်စသည့် ဒေသများက ဧရိယာ ၉၈၇၆ ဧကမှာ ရေတော်မိုးတော်စပါးခင်းများ ဖြစ်လာတော့မှာဖြစ်ကြောင်း။

မိုးတွင်းကာလတွင် ယခုကဲ့သို့ ရေဘေးကာကွယ်သည့် အကျိုးကျေးဇူးများ ခံစားရရှိနိုင်သလို မိုးနှောင်းသီးနှံများအောင်ရေလိုလျှင်လည်း ပြည့်ပြည့်ဝဝ ပေးနိုင်မည့်အပြင် ယခု ရန်ကုန်တိုင်းက အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအနေဖြင့် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆောင်းသီးနှံ၊ ဟင်းသီးဟင်းရွက်၊ စီးပွားဖြစ်အပင်များကိုလည်း တိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ အပြည့်အဝရေပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိတော့မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ အခြေခံသော စီးပွားရေးဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ ဖူလုံစွာရရှိအောင် ဆည်မြောင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်တည်ဆောက် ပေးနေသည်မှာ တစ်နိုင်ငံလုံးအနှံ့အပြားဖြစ်ကြောင်း။

ရန်ကုန်တိုင်းတွင် ဘန့်ဘွေးကုန်း၊ ဇာမဏီ၊ သီလဝါ၊ ကိုကိုးကျွန်း၊ တောင်လုံးမြောင်၊ လဂွမ်းပြင်၊ အလိုင်နီ၊ ကလီထော်၊ တဘူးလှ၊ ငမိုးရိပ်၊ မဟူရာ၊ ပေါင်းလင်း အစရှိသည့် တမံများ တည်ဆောက်ပြီးဖြစ်သကဲ့သို့ ရေတံခါးများအနေဖြင့်လည်း **စာမျက်နှာ ၁၃ ကော်လံ ၄ သို့** ❐

အီရတ်စစ်ပွဲ နှစ်ပတ်လည်နေ့ ဆန္ဒပြပွဲများကျင်းပ ကျူးကျော်ရေးတပ်ဖွဲ့များ ချက်ချင်းရုပ်သိမ်းရန်တောင်းဆို

နယူးယောက် မတ် ၂၁

အမေရိကန်ပြည်ထောင်စုမှ စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများသည် အီရတ်စစ်ပွဲ ပထမနှစ်ပတ်လည်နေ့ဖြစ်သည့် စနေနေ့တွင် နယူးယောက်မြို့ လမ်းမများပေါ်၌ ချီတက်ကြပြီး အီရတ်နိုင်ငံအား အမေရိကန်တို့ သိမ်းပိုက်ထားမှုကို အဆုံးသတ်ရန် တောင်းဆိုကြသည်။

ဆန္ဒပြသူများသည် ဘုရှ်အစိုးရ၏ အီရတ်ဆိုင်ရာ မူဝါဒဆန့်ကျင်ကန့်ကွက်ရေးအတွက် မြို့လယ်ကိုဖြတ်ပြီး နှစ်နာရီကြာ ချီတက်ဆန္ဒပြပွဲမလုပ်မီ စစ်ဆန့်ကျင်ရေး လူထုအစည်းအဝေးပွဲကျင်းပမည့် မင်ဟက်တန်ရပ်ကွက်တွင် စုရုံးရောက်ရှိကြသည်။

အလားတူပင် ဂရိနိုင်ငံ အေသင်မြို့ရှိ အမေရိကန်သံရုံးသို့ ထောင်နှင့်ချီသည့် ဆန္ဒပြသမားများ ချီတက်ဆန္ဒပြကြပြီး အီရတ်၌ နိုင်ငံခြားတပ်ဖွဲ့များ ဆက်လက်ရှိနေမှုကို ပြစ်တင်ရှုတ်ချကြသည်။

ဗြိတိန်နိုင်ငံတွင်လည်း စစ်ဆန့်ကျင်ရေးသမား၂၅၀၀၀သည် အီရတ်စစ်ပွဲ ပထမနှစ်ပတ်လည်နေ့အဖြစ် လန်ဒန်မြို့လမ်းမများပေါ်သို့ စနေနေ့ကထွက်ကာ ချီတက်ဆန္ဒပြကြပြီး အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှုကို ချက်ချင်းအဆုံးသတ်ရန် တောင်းဆိုကြသည်။

ပြင်သစ်နိုင်ငံတွင်လည်း အမေရိကန် ဦးဆောင်ဆင်နွှဲသည့် အီရတ်စစ်ပွဲ ပထမနှစ်ပတ်လည်နေ့ဖြစ်သော စနေနေ့ မွန်းလွဲပိုင်းတွင် လူ ၁၀၀၀၀ခန့်သည် ပါရီမြို့၌ ချီတက်ဆန္ဒပြကြသည်။

ဆန္ဒပြသမားများသည် အီရတ်နိုင်ငံမှ သိမ်းပိုက်ရေးတပ်ဖွဲ့များ ရုပ်သိမ်းရန်နှင့် အီရတ်နိုင်ငံသားများသို့ အာဏာလွှဲပြောင်းပေးရန် တောင်းဆိုခဲ့ကြသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

အမေရိကန်နှင့် အပေါင်းပါတို့၏ ရဟတ်ယာဉ်များပစ်ချခံရမှုများ

၂၀၀၃ခုနှစ် မတ်လ ၂၀ရက်နေ့တွင် စတင်ခဲ့သည့် အီရတ်စစ်ပွဲသည် ၂၀၀၄ ခုနှစ် မတ်လ ၂၀ရက်နေ့က တစ်နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အီရတ်ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို ဆက်လက်ခုခံတွန်းလှန်လျက်ရှိသည်။ တစ်နှစ်တာအတွင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့တို့၏ ရဟတ်ယာဉ် ၁၈စင်းကိုပစ်ချခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ၆၄ဦးနှင့် ဗြိတိသျှတပ်ဖွဲ့ဝင် ၈ဦးတို့ သေဆုံးခဲ့သည်။

၂၀၀၄ခုနှစ် ဇန်နဝါရီ ၈ရက်က ဖော်လူဂျာမြို့အနီး၌ အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ ပစ်ချခြင်းခံခဲ့ရသည့် ဒလက်မဲ့ရဟတ်ယာဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အမေရိကန်နှင့် အပေါင်းပါတို့၏ ရဟတ်ယာဉ်များပစ်ချခံရမှုဖြစ်စဉ်များ

ရက်စွဲ	နေရာ	ရဟတ်ယာဉ် အမျိုးအစား	သေဆုံးသူ ဦးရေ	
			အမေရိကန်	ဗြိတိသျှ
၂၀-၃-၂၀၀၃	ကူဝိတ်နယ်စပ်	ဆီးနိုက်	၄	၈
၂၃-၃-၂၀၀၃	။	အပါချီ	-	-
၉-၅-၂၀၀၃	ဆာမာရာမြို့အနီး	ဘလက်ဟော့ခ်	၃	-
၁၉-၅-၂၀၀၃	ဟီလာမြို့	ဆီးနိုက်	၄	-
၁၂-၆-၂၀၀၃	အီရတ်အနောက်ပိုင်း	အပါချီ	-	-
၂၅-၁၀-၂၀၀၃	အီရတ်မြောက်ပိုင်း	ဘလက်ဟော့ခ်	-	-
၂-၁၁-၂၀၀၃	ဖော်လူဂျာမြို့အနီး	ချင်နွတ်	၁၆	-
၇-၁၁-၂၀၀၃	တီကရစ်မြို့အနီး	ဘလက်ဟော့ခ်	၄	-
၁၅-၁၁-၂၀၀၃	မိုဆူးလ်မြို့မြောက်ပိုင်း	ဘလက်ဟော့ခ်	၁၇	-
၉-၁၂-၂၀၀၃	ဖော်လူဂျာမြို့အနီး	ကီအိုဝါ	-	-
၁၀-၁၂-၂၀၀၃	မိုဆူးလ်မြို့အနီး	အပါချီ	-	-
၂-၁-၂၀၀၄	ဖော်လူဂျာမြို့အနီး	ကီအိုဝါ	၁	-
၈-၁-၂၀၀၄	ဖော်လူဂျာမြို့အနီး	ဘလက်ဟော့ခ်	၉	-
၁၃-၁-၂၀၀၄	ဟက်ဗာနီယာမြို့အနီး	အပါချီ	-	-
၂၃-၁-၂၀၀၄	ကာယာရာမြို့အနီး	ကီအိုဝါ	၂	-
၂၅-၁-၂၀၀၄	မိုဆူးလ်မြို့	ကီအိုဝါ	၂	-
၂၅-၂-၂၀၀၄	ဟာဒီသာမြို့	ကီအိုဝါ	၂	-
၁၉-၃-၂၀၀၄	ဖော်လူဂျာမြို့	အမျိုးအစားမသိရ	-	-
	စုစုပေါင်း	**ရဟတ်ယာဉ် ၁၈စင်း**	၆၄	၈

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂ရက်က ဖော်လူဂျာမြို့အနီးတွင် ပစ်ချခံခဲ့ရသော အမေရိကန် ချင်နွတ်ရဟတ်ယာဉ် အမျိုးအစားကို တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရဟတ်ယာဉ်အပျက်အစီး

၂၀၀၃ခုနှစ် ဒီဇင်ဘာ ၉ရက်က ဖော်လူဂျာမြို့အနီး၌ ပစ်ချခံခဲ့ရသည့် အမေရိကန် ရဟတ်ယာဉ် အပျက်အစီးကို တွေ့ရစဉ်။

အီရတ်စစ်ပွဲ မှတ်တမ်းများ



အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ပစ်ချခံခဲ့ရသည့် အမေရိကန် အပါချီ ရဟတ်ယာဉ်ရှေ့တွင် အောင်ပွဲခံနေသော အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

ရန်ကုန်တိုင်း တွံတေးမြို့နယ် ပန်းလှိုင်ချောင်းဝတွင် တည်ဆောက်ထားသော မိုးမခရေထိန်းတံခါးသည် တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပေါ်ထွန်းလာသည့် နိုင်ငံတော်၏ အကြီးဆုံး ရေထိန်းတံခါးဖြစ်ပြီး အကျိုးပြုဧက ၄၀၀၀၀ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့သည့် ဆည်တမံများ

စဉ်	ဆည်တမံများ	မြို့နယ်	အကျိုးပြုဧက
၁။	ရဟိုင်းကွင်းရေလှောင်တမံ	ဝမြို့နယ်	၆၂၅
၂။	ကွမ်းခြံကုန်းရေထိန်းတံခါး	ကွမ်းခြံကုန်းမြို့နယ်	၂၁၄၀၀
၃။	သဲတောရေလှောင်တမံ	လက်ပံတန်းမြို့နယ်	၁၂၀၀၀
၄။	သစ်တက်ကုန်းရေလွှဲဆည်	မြစ်သားမြို့နယ်	၅၀၀၀
၅။	ကြက်မောက်လယ်တီ ရေထိန်းတမံ	မြိုင်မြို့နယ်	၁၂၀၀
၆။	ပုန်းမကြည်ရေလှောင်တမံ	မလှိုင်မြို့နယ်	၅၀၀
၇။	မြို့သာရေလှောင်တမံ	ငါန်းဇွန်မြို့နယ်	၁၅၀၀
၈။	နန်ကသူရေလှောင်တမံ	အင်္ဂပူမြို့နယ်	၁၄၀၀၀
၉။	မိုးမခရေထိန်းတံခါး	တွံတေးမြို့နယ်	၄၀၀၀၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ရွှေလောင်းကန်ကျေးရွာအနီး တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် နန်ကသူ ရေလှောင်တမံသည် အကျိုးပြုဧက ၁၄၀၀၀ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။



တပ်မတော်ကတည်ဆောက်ခဲ့သည့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လေးဒေါင့်ကန်ကျေးရွာကို ဆက်သွယ်ထားသော ငမိုးရိပ်တံတားကိုတွေ့ရစဉ်။



တပ်မတော်ကတည်ဆောက်ခဲ့သည့်တံတားများ

စဉ်	အမည်	တည်နေရာ	အရှည်ပေ	မှတ်ချက်
၁။	ပသောင်းတံတား	မြိတ်မြို့နယ်	၈၁၀	ဖွင့်လှစ်ပြီး
၂။	ဒေါလန်းတံတား	လှိုင်းဘွဲ့မြို့နယ်	၁၀၀၀	။
၃။	ငမိုးရိပ်တံတား	ရန်ကုန်မြို့	၆၆၀	။
၄။	ပုထိုးလုံးတံတား	ကနီမြို့နယ်	၄၅၀	။
၅။	လပင်တံတား	ကလေးဝမြို့နယ်	၂၂၀	။
၆။	တိန်းတံတား	မင်းကင်းမြို့နယ်	၃၆၀	တည်ဆောက်ပြီး
၇။	မြို့မတံတား	ကနီမြို့နယ်	၅၄၀	။
၈။	ရှုံးပင်တံတား	လယ်ဝေးမြို့နယ်	၂၇၀	တည်ဆောက်ဆဲ
၉။	အဆုံချောင်း	တပ်ကုန်းမြို့နယ်	၁၉၀	။
၁၀။	ငလိုက်ချောင်း တံတား	ပျဉ်းမနားမြို့နယ်	၃၀၀	။
၁၁။	ဆင်သေချောင်း တံတား	ပျဉ်းမနားမြို့နယ်	၂၁၀	။

ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

ဒဏ်ရာရရှိခဲ့ပေသည်။ သောင်းကျန်းသူ ခုနစ်ဦး သေဆုံးပြီး တစ်ဦးကို လက်ရဖမ်းဆီးမိခဲ့သည်။

မိုးဟိန်းအဆင့်(၄) စစ်ဆင်ရေးကို ၁၉၇၈ခုနှစ် ဧပြီ ၁၀ ရက်မှ ၂၇ရက်အထိ ထိုင်း–မြန်မာနယ်စပ် မိုင်းဆတ်မြို့နယ် လွယ်လန်းဒေသတွင် ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးတွင်လည်း တပ်မတော်သားစစ်သည်တစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။ ရန်သူအလောင်း ၂၇ လောင်းနှင့် လက်နက်မျိုးစုံ၊ စာရွက်စာတမ်းများကို သိမ်းဆည်းရမိခဲ့သည်။

၁၉၈၀ပြည့်နှစ် ဖေဖော်ဝါရီ၂၃ ရက်မှ မတ်လ ၈ရက်အထိ **မိုးဟိန်းအဆင့်(၅)** စစ်ဆင်ရေးကြီးကို မြန်မာ–ထိုင်းနယ်စပ် လောလိုချိုင်ဒေသနှင့် ဘန်မာဖီဒေသများတွင် ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးတွင် ဘိန်းမှောင်ခို သောင်းကျန်းသူမျိုးစုံနှင့် တပ်မတော်စစ်ကြောင်းတို့ ကိုးကြိမ် တွေ့ဆုံတိုက်ပွဲဖြစ်ပွား

မိုးဟိန်းအဆင့်(၇) စစ်ဆင်ရေးကို မိုင်းပန်၊ မိုင်းတုံနယ်မြေနှင့် ဆန်ကလန်ဒေသများတွင် ၁၉၈၃ ခုနှစ် ဧပြီ ၈ ရက်မှ ၁၆ ရက်ထိ ဆင်နွှဲခဲ့သည်။ ဤစစ်ဆင်ရေးတွင် တပ်မတော် စစ်ကြောင်းတပ်ခွဲများသည် သောင်းကျန်းသူများ၏ ဘိန်းချက်စခန်းများကို အဆင့်ဆင့်ချေမှုန်းတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။ တိုက်ပွဲပေါင်း ၃၄ ကြိမ်ဖြစ်ပွားခဲ့ရာ တပ်မတော်သားစစ်သည် ၃၁ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး ၆၅ဦး ဒဏ်ရာရရှိခဲ့သည်။ ဘိန်းမှောင်ခိုသောင်းကျန်းသူ ၈၉ဦး သေဆုံးခဲ့ပြီး ငါးဦးကို ဖမ်းဆီးရမိခဲ့သည်။ သောင်းကျန်းသူ ၃၀ဦး လက်နက်ချ အညံ့ခံခဲ့ကြသည်။

တပ်မတော်သည် ဆန်ကလန်နယ်မြေအတွင်း တွင် သောင်းကျန်းသူ အင်အား ၃၀၀ စောင့်ကြပ်ပြီး ဘိန်းချက်လုပ်နေသည့် ဘိန်းချက်စခန်းတစ်ခုကို **မိုးဟိန်းအဆင့်(၈)** စစ်ဆင်ရေးဖြင့် တိုက်ခိုက်ချေမှုန်း

စခန်းကို မိုးဟိန်းအဆင့်(၈) စစ်ဆင်
ချေမှုန်းခဲ့သည်။ ထိုတိုက်ပွဲများတွင်လ
တိုင်းပြည်အတွက် အသက်ပေးလှူခဲ့
သောင်းကျန်းသူသုံးဦး သေဆုံးခဲ့သ
တပ်မတော်အနေဖြင့် **မိုးဟိန်**
ဖေဖော်ဝါရီ၂၇ ရက်မှ မတ်၁၄ ရက်အ
ဆင်နွှဲခဲ့ရသည်။ ဘိန်းမှောင်ခိုများသ
ဆင်ခဲ့ရာ တိုက်ပွဲပေါင်းခုနစ်ကြိမ်ဖြစ်ပွ
သုံးဦး နိုင်ငံတော်အတွက် အသက်ပေ
တစ်ဦးသေဆုံးပြီး တစ်ဦးကိုလက်ရဖ
တပ်မတော်သည် ၁၉၈၆ ခု
မတ် ၄ ရက်အထိဘိန်းမှောင်ခိုသောင်းက
နေသည့် မိုင်းကွမ်းနယ်မြေအတွင်း
ထိုစစ်ဆင်ရေးသည် **မိုးဟိန်းအဆ**
သောင်းကျန်းသူများအနေဖြင့် တပ်မ
သတင်းရသွားပြီး တပ်မတော်ကိုရင်မ

မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ပေ
စွန့်လွှတ်စွန့်စား တပ်မတော်သာ

တပ်မတော်သည် တိုင်းရင်းသား ပြည်သူများအတွင်းမှ ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်ပေသည်။ ထို့ကြောင့်လည်း ပြည်သူများ၏ဆန္ဒကို ဦးထိပ်ထားသကဲ့သို့ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်နှင့် ဘဝလုံခြုံရေးအတွက်လည်း အသက်ပေးကာကွယ်ခဲ့သော တပ်မတော်ဖြစ်ပေသည်။ တပ်မတော်သည် နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေးတွင်သာမကဘဲ ကမ္ဘာ့လူသားအားလုံးကို လူညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတွင်လည်း အဓိကအခန်းက ပါဝင်လှုပ်ရှားခဲ့ပေသည်။

တပ်မတော်ပါဝင်ဆင်နွှဲခဲ့သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ဆင်ရေးများတွင် ၁၉၇၅–၇၆ ခုနှစ်က ဆောင်ရွက်ခဲ့သည့် မဲလုံးစစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေး၊ ဇင်နူးစစ်ဆင်ရေး၊ အောင်ကျော်မိုးစစ်ဆင်ရေး၊ ဟောမန်ဦးစစ်ဆင်ရေး၊ အောင်မိုးဟိန်းစစ်ဆင်ရေး၊ ရဲမင်းအောင်စစ်ဆင်ရေး၊ လေးမာန်အောင်စစ်ဆင်ရေးများသည် မူးယစ်ဆေးဝါးနှင့် ဘိန်းတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကျော်ကြားခဲ့သည့် စစ်ဆင်ရေးကြီးများ ဖြစ်သည်။

ထို့ပြင် ၁၉၇၇ခုနှစ် ရှမ်းပြည်နယ် ၂၄ မြို့နယ်တွင် ပေါက်ပန်းစစ်ဆင်ရေး၊ ချင်းပြည်နယ်သုံးမြို့နယ်တွင် ထွမ်ဝုန်းစစ်ဆင်ရေး၊ မကွေးတိုင်း နှစ်မြို့နယ်တွင် ငရဲပန်းစစ်ဆင်ရေး၊ ကချင်ပြည်နယ် လေးမြို့နယ်၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ မန္တလေးတိုင်း မိုးကုတ်မြို့နယ်နှင့် သာစည်မြို့နယ်များတွင် ဒေသန္တရစစ်ဆင်ရေးများနှင့် ဘိန်းခင်းများဖျက်ဆီးသည့် စစ်ဆင်ရေးများကို ပြင်းပြင်းထန်ထန်ဆောင်ရွက်ခဲ့လေသည်။ ယင်းသို့ ဖျက်ဆီးခဲ့ရာ ဘိန်းခင်း ဧကပေါင်း ၈၇၆၉ ဒသမ ၄၉ ဧက ဖျက်ဆီးနိုင်ခဲ့ပေသည်။

ပဲခူးရိုးမ အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းတို့တွင်လည်း ကောက်ရိုးစစ်ဆင်ရေးနှင့် မြက်ခြောက် စစ်ဆင်ရေးများကိုလည်း ဆင်နွှဲခဲ့ပေသည်။ ကရင်ပြည်နယ်တွင် ငှက်ကြီးတောင် စစ်ဆင်ရေး၊ ချင်းပြည်နယ်တွင် မရဏစစ်ဆင်ရေး၊ ပဲခူးတိုင်းတွင် မြက်ခြောက်(၂)စစ်ဆင်ရေး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် ဒေသန္တရစစ်ဆင်ရေးများဆင်နွှဲကာ ဆေးခြောက်စိုက်ခင်းများကို ဖျက်ဆီးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ယင်းသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် စစ်ဆင်ရေးကြီးများ ဆင်နွှဲခဲ့ရာတွင် မိုးဟိန်းစစ်ဆင်ရေးကို အဆင့်(၁)မှ အဆင့်(၁၂)အထိ ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးကြီးများသည် တပ်မတော်၏ အောင်မြင် ကျော်ကြားခဲ့သော စစ်ဆင်ရေးကြီးများဖြစ်သည်။

တပ်မတော်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ထိုင်းနယ်စပ်အနီးတွင် ၁၉၇၆ခုနှစ် ဧပြီ ၂၆ရက်မှ မေ၃ရက်အထိ **မိုးဟိန်းအဆင့်(၁)** စစ်ဆင်ရေးကို ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးတွင် သောင်းကျန်းသူ ဘိန်းမှောင်ခိုများနှင့် တိုက်ပွဲငါးကြိမ်ဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲများတွင် တပ်မတော်သားစစ်သည် ငါးဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရပြီး ဘိန်းဓားပြသောင်းကျန်းသူ အလောင်းကိုးလောင်းနှင့်အတူ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အထောက်အကူပစ္စည်းများနှင့် လက်နက်ခဲယမ်း အမြောက်အမြား သိမ်းဆည်းရမိခဲ့ပေသည်။

မိုးဟိန်းအဆင့်(၂)စစ်ဆင်ရေးကို ၁၉၇၇ ခုနှစ် ဇန်နဝါရီ၁၈ ရက်မှ ၂၇ ရက်နေ့ထိ ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ်အတွင်းရှိ လွယ်တုံးကြီးဒေသတွင် ပြုလုပ်ခဲ့သည်။ ထိုစစ်ဆင်ရေးတွင် တပ်မတော်သားစစ်သည်သုံးဦး နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးလှူသွားခဲ့ပြီး ၁၁ဦး ဒဏ်ရာရရှိခဲ့သည်။

တပ်မတော်သည် **မိုးဟိန်းအဆင့် (၃)** စစ်ဆင်ရေးကို ကယားပြည်နယ် မြန်မာ–ထိုင်းနယ်စပ် မိုင်းမောဒေသ ကောင်းမိုက်ဟုန်းနှင့် မန်တုံဒေသတစ်ဝိုက်တွင် ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ မိုးဟိန်းအဆင့်(၃)စစ်ဆင်ရေးကို ၁၉၇၇ခုနှစ် ဇွန် ၁၇ရက်မှ ဇူလိုင် ၁၄ရက်အထိ ဆင်နွှဲခဲ့သည်။ ဘိန်းမှောင်ခိုသောင်းကျန်းသူများနှင့် တိုက်ပွဲပေါင်း ခုနစ်ကြိမ်ဖြစ်ပွားခဲ့ရာ တပ်မတော်သား စစ်သည်တစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရပြီး ကိုးဦး ခဲ့သည်။ ဘိန်းမှောင်ခို အလောင်း ၁၀ လောင်း၊ လက်နက်မျိုးစုံ ကျည်မျိုးစုံနှင့် ဘိန်းဖြူများ၊ ဘိန်းချက်ရာတွင် အထောက်အကူပြုပစ္စည်းများကို သိမ်းဆည်း ရမိခဲ့သည်။ တပ်မတော်သား စစ်သည် ငါးဦးဒဏ်ရာရရှိခဲ့သည်။

မိုးဟိန်းအဆင့်(၆) စစ်ဆင်ရေးကို ၁၉၈၁ ခုနှစ် မတ်လ ၉ ရက်မှ ၂၇ ရက်အထိ မိုင်းဆတ်နယ်မြေ လွယ်လန်းဒေသတွင် ဆင်နွှဲခဲ့သည်။ စစ်ဆင်ရေးကာလတွင်တပ်မတော်နှင့်ဘိန်းမှောင်ခို သောင်းကျန်းသူတို့ တိုက်ပွဲရှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲများတွင် တပ်မတော်သားစစ်သည် ခြောက်ဦး နိုင်ငံအတွက် အသက်ပေးလှူသွားခဲ့ပြီး ၁၃ ဦးဒဏ်ရာရရှိခဲ့သည်။ သောင်းကျန်းသူ ၃၂ ဦး ကျဆုံးပြီး လက်နက်မျိုးစုံ ၃၅ လက်၊ ကျည်မျိုးစုံနှင့် သောင်းကျန်းသူနှစ်ဦး ဖမ်းမိခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တပ်မတော်သားများ၏ပူးပေါင်းပါဝင်မှုဖြင့် ဘိန်းအထွက်နှုန်း တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်စဉ်။

ခဲ့သည်။ စစ်ဆင်ရေးကို ၁၉၈၄ ခုနှစ် ဧပြီ ၇ ရက်မှ စတင်ကာ ဧပြီ ၂၈ ရက်အထိ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ သောင်းကျန်းသူများ ခိုအောင်းရာ ဆန်ကလန်နယ်မြေအတွင်း တပ်မတော်စစ်ကြောင်းများ ဖြန့်ခွဲဝင်ရောက်ကာ ရှင်းလင်း တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲ ၁၅ ကြိမ်ဖြစ်ပွားခဲ့ရာ တပ်မတော်သားစစ်သည်နှစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး ၁၂ဦးဒဏ်ရာ ရရှိခဲ့သည်။ ဘိန်းမှောင်ခို သောင်းကျန်းသူတို့ဘက်မှ ၁၀ဦး သေဆုံးခဲ့သည်။ ထိုနှစ် မေ ၃ရက်မှ ၁၃ ရက်အထိ လောလိုချိုင် ဒေသတွင် ခိုအောင်းနေသည့် ဘိန်းမှောင်ခို ၃၀၀နှင့် ဘိန်းချက်

စိုးငြိ

စခန်းများကို ဖျက်ဆီးကာ ရှောင်
ရန်သူများရှောင်ပြေးရာသို့ လိုက်လံရှင်
အသေဖမ်းမိပြီး တစ်ဦးကို အရှင်ဖမ်
မိုးဟိန်းအဆင့်(၁၁) စစ်ဆင်
၂၀ ရက်မှမတ် ၂၈ ရက်အထိ နောင်က
ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ သို့သော်ဘိန်းမှ
တို့သည် တပ်မတော်စစ်ကြောင်းကို
တိမ်းရှောင်သွားခဲ့ကြသည်။ ထို့ကြော
နှစ်ကြိမ်တိုက်ပွဲဖြစ်ခဲ့သည်။
၁၉၈၈ ခုနှစ် မတ် ၁၇ ရက်မှ
မိုးဟိန်းအဆင့်(၁၂) စစ်ဆင်ရေးသ
အကျန်များ၊ ဗကပတပ်မဟာ(၆) လ
အမည်အမျိုးမျိုးကို ခံယူထားသည့် သေ
၁၆၀၀ ကျော်ကို ချေမှုန်းတိုက်ခိုက
ဖြစ်သည်။
စစ်ဆင်ရေးကာလအတွင်း ဝ
သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၁
စုစုပေါင်း အကြိမ် ၅၀ ဖြစ်ပွားခဲ့သည်
သောင်းကျန်းသူတို့၏ ဘိန်းချက်စ
သည်။ ထိုစစ်ဆင်ရေး၌ တိုက်ပွဲများ
တပ်မတော်သား စစ်သည် ၃၇ဦး နိုင်
၃၃၅ ဦး ဒဏ်ရာရရှိခဲ့ပေသည်။
သောင်းကျန်းသူ ၈၆ဦးသေဆုံးပြီး
မိုးဟိန်းအဆင့်(၁၂) စစ်
သောင်းကျန်းသူများကို ဘိန်းချက်စ
အသုံးပြုသည့် အထောက်အကူပစ္စ
အင်အား၊ လက်နက်အင်အားနှင့် စိတ်
ဆုံးရှုံးသွားစေသည့် တပ်မတော်၏ သ
ဖြစ်ပေသည်။
တပ်မတော်သည် မူးယစ်
၁၉၇၆ခုနှစ် ဧပြီလမှ စတင်ခဲ့သည့်
မှသည် ၁၉၈၈ခုနှစ် ဧပြီလ မိုးဟိန်း
၁၂နှစ်တိုင်တိုင် အရှိန်အဟုန်ဖြင့် ဆ

စခန်းကို မိုးဟိန်းအဆင့်(၈) စစ်ဆင်ရေးအပိုင်း(၂)နှင့် ဆက်လက်ချေမှုန်းခဲ့သည်။ ထိုတိုက်ပွဲများတွင်လည်း တပ်မတော် စစ်သည်ကိုးဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး ၂၇ဦး ဒဏ်ရာရရှိခဲ့သည်။ သောင်းကျန်းသူသုံးဦး သေဆုံးခဲ့သည်။

တပ်မတော်အနေဖြင့် **မိုးဟိန်းအဆင့်(၉)**ကို ၁၉၈၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ်၁၄ ရက်အထိ မိုင်းကွမ်းနယ်မြေအတွင်းတွင် ဆင်နွှဲခဲ့ရသည်။ ဘိန်းမှောင်ခိုများသည် တပ်မတော်က ထိုစစ်ဆင်ခဲ့ရာ တိုက်ပွဲပေါင်းခုနစ်ကြိမ်ဖြစ်ပွားခဲ့ပြီး တပ်မတော်သားစစ်သည်သုံးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရသည်။ သောင်းကျန်းသူတစ်ဦးသေဆုံးပြီး တစ်ဦးကိုလက်ရဖမ်းမိသည်။

တပ်မတော်သည် ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၄ ရက်အထိဘိန်းမှောင်ခိုသောင်းကျန်းသူ အင်အား ၄၀၀ ခိုအောင်းနေသည့် မိုင်းကွမ်းနယ်မြေအတွင်းသို့ ထိုးစစ်ဆင်ခဲ့ရပြန်သည်။ ထိုစစ်ဆင်ရေးသည် **မိုးဟိန်းအဆင့်(၁၀)** စစ်ဆင်ရေးဖြစ်သည်။ သောင်းကျန်းသူများအနေဖြင့် တပ်မတော်၏စစ်ဆင်ရေးကို ကြိုတင်သတင်းရသွားပြီး တပ်မတော်ကိုရင်မဆိုင်ရဲသည့်အတွက် ဘိန်းချက်

...းဆီးကာကွယ်ပေးနေသည့် ...မတော်သားများ

စိုးငြိမ်းစံ

စခန်းများကို ဖျက်ဆီးကာ ရှောင်ပြေးခဲ့သည်။ တပ်မတော်သည် ရန်သူများရှောင်ပြေးရာသို့ လိုက်လံရှင်းလင်းရာ သောင်းကျန်းသူသုံးဦး အသေဖမ်းမိပြီး တစ်ဦးကို အရှင်ဖမ်းမိခဲ့သည်။

မိုးဟိန်းအဆင့်(၁၁) စစ်ဆင်ရေးကိုမူ ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှမတ် ၂၈ ရက်အထိ နောင်ကန်၊ မိုင်းကွမ်းနယ်မြေများတွင် ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ သို့သော်ဘိန်းမှောင်ခိုသောင်းကျန်းသူ ၁၄၀၀ ခန့်တို့သည် တပ်မတော်စစ်ကြောင်းကို ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုဝံ့ဘဲ တိမ်းရှောင်သွားခဲ့ကြသည်။ ထို့ကြောင့် နောက်ချန် အဖွဲ့ငယ်နှင့်သာ နှစ်ကြိမ်တိုက်ပွဲဖြစ်ခဲ့သည်။

၁၉၈၈ ခုနှစ် မတ် ၁၇ ရက်မှ ဧပြီ ၁၁ ရက်အထိ ဆင်နွှဲခဲ့သည့် **မိုးဟိန်းအဆင့်(၁၂)** စစ်ဆင်ရေးသည် KMT တရုတ်ဖြူအကြွင်းအကျန်များ၊ ဗကပတပ်မဟာ(၆) လက်အောက်ခံအင်အားစုများနှင့် အမည်အမျိုးမျိုးကို ခံယူထားသည့် သောင်းကျန်းသူ အင်အားစုစုပေါင်း ၁၆၀၀ ကျော်ကို ချေမှုန်းတိုက်ခိုက်ခဲ့သည့် စစ်ဆင်ရေးကြီးပင်ဖြစ်သည်။

စစ်ဆင်ရေးကာလအတွင်း တပ်မတော်စစ်ကြောင်းများသည် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၁၁ ကြိမ်၊ တိုက်ပွဲငယ် ၃၉ ကြိမ် စုစုပေါင်း အကြိမ် ၅၀ ဖြစ်ပွားခဲ့သည်။ စစ်ဆင်ရေး နယ်မြေထဲတွင် သောင်းကျန်းသူတို့၏ ဘိန်းချက်စခန်းကြီးငါးခုကို ဖျက်ဆီးနိုင်ခဲ့သည်။ ထိုစစ်ဆင်ရေး၌ တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့သဖြင့် တပ်မတော်သား စစ်သည် ၃၇ဦး နိုင်ငံအတွက် အသက်ပေးလှူခဲ့ပြီး ၃၃၅ ဦး ဒဏ်ရာရရှိခဲ့ပေသည်။ တပ်မတော်၏ ထိုးစစ်တွင် သောင်းကျန်းသူ ၈၆ဦးသေဆုံးပြီး တစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

မိုးဟိန်းအဆင့်(၁၂) စစ်ဆင်ရေးသည် ဘိန်းမှောင်ခိုသောင်းကျန်းသူများကို ဘိန်းချက်စခန်းများနှင့် ဘိန်းချက်ရာတွင် အသုံးပြုသည့် အထောက်အကူပစ္စည်းများ ဆုံးရှုံးရုံသာမက လူအင်အား၊ လက်နက်အင်အားနှင့် စိတ်ဓာတ်အင်အားများကိုပါ ပျက်စီးဆုံးရှုံးသွားစေသည့် တပ်မတော်၏ သမိုင်းဝင် စစ်ဆင်ရေးကြီးတစ်ခုဖြစ်ပေသည်။

တပ်မတော်သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ၁၉၇၆ ခုနှစ် ဧပြီလမှ စတင်ခဲ့သည့် မိုးဟိန်းအဆင့်(၁) စစ်ဆင်ရေးမှသည် ၁၉၈၈ခုနှစ် ဧပြီလ မိုးဟိန်းအဆင့် (၁၂) စစ်ဆင်ရေးအထိ ၁၂နှစ်တိုင်တိုင် အရှိန်အဟုန်ဖြင့် ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တပ်မတော်သည် မူးယစ်ဆေးဝါး တိုက်ဖျက်ရာတွင် ဖော်ပြပါ မိုးဟိန်းစစ်ဆင်ရေးကြီးများသာမက အခြားစစ်ဆင်ရေးကြီးများကိုလည်း အင်တိုက်အားတိုက်ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးကြီးများကား ငရဲပန်းစစ်ဆင်ရေးနှင့် တောင်ရန်ရှင်း စစ်ဆင်ရေးတို့ပင်ဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း **ငရဲပန်းအဆင့်(၁)**ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ မြို့နယ်ပေါင်း ၃၀ တွင် ဆင်နွှဲခဲ့သည်။ ထိုငရဲပန်းအဆင့်(၁) စစ်ဆင်ရေးကို ၁၉၈၀ပြည့်နှစ် အောက်တိုဘာ ၂၅ ရက်မှ ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ လေးလတိုင်တိုင် ဆင်နွှဲခဲ့ရာ ဘိန်းခင်းပေါင်း ၆၈၁၃ ဒသမ ၉၃ ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မြို့နယ်ပေါင်း ၂၅ မြို့နယ်၌ **ငရဲပန်းအဆင့်(၂)** စစ်ဆင်ရေးကို ဆင်နွှဲခဲ့သည်။ စစ်ဆင်ရေးကာလမှာ ၁၉၈၁ ခုနှစ် ဒီဇင်ဘာ ၁၂ရက်မှ ၁၉၈၂ခုနှစ် ဖေဖော်ဝါရီ၂၅ ရက်အထိဖြစ်ပြီး ဘိန်းခင်း ၁၀၉၉၇ ဒသမ ၅၆ ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။

ငရဲပန်းအဆင့်(၃) စစ်ဆင်ရေးကို ၁၉၈၂ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၁၉၈၃ ခုနှစ် မတ်လ ၁၅ ရက်အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်တွင် ဆင်နွှဲခဲ့သည်။ ဘိန်းခင်းဧက ၇၄၅၅ ဒသမ ၃၆ ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။

ငရဲပန်းအဆင့်(၄) ကိုလည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မြို့နယ် ၂၇ မြို့နယ်တွင် ဆင်နွှဲခဲ့သည်။ အချိန်ကာလအားဖြင့် ၁၉၈၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ မတ် ၂၀ ရက်အထိ ဆင်နွှဲခဲ့ရာ ဘိန်းခင်း ၁၁၀၇၇ ဒသမ ၇၆ ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။

ငရဲပန်းအဆင့်(၅) စစ်ဆင်ရေးကို ၁၉၈၄ ခုနှစ် ဒီဇင်ဘာ၅ ရက်မှ ၁၉၈၅ ခုနှစ် ဧပြီလ ၅ ရက်အထိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ မြို့နယ် ၃၂ မြို့နယ်တွင် ဆင်နွှဲခဲ့ရာ ဘိန်းခင်း ၂၁၀၄၈ ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။

ငရဲပန်းအဆင့်(၆) စစ်ဆင်ရေးနှင့် **တောင်ရန်ရှင်းအဆင့်(၁)** စစ်ဆင်ရေးများကို ၁၉၈၅ ခုနှစ် ဒီဇင်ဘာ ၂၆ရက်မှ ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်အထိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်းရှိ မြို့နယ်ပေါင်း ၂၉ မြို့နယ်တွင် ဆင်နွှဲခဲ့ သည်။ ထိုစစ်ဆင်ရေးတွင် လေယာဉ်ဖြင့် ဆေးဖျန်း၍ ဘိန်းခင်း ၂၄၂၄၆ ဧကကိုလည်းကောင်း၊ မြေပြင်ကလည်း ဘိန်းခင်း ၉၃၅၂ ဒသမ ၈၄ ဧကကို လည်းကောင်း ဖျက်ဆီးပစ်နိုင်ခဲ့သည်။ ငရဲပန်းအဆင့်(၆) စစ်ဆင်ရေးနှင့်အတူ **တောင်ရန်ရှင်းအဆင့်(၁)** စစ်ဆင်ရေးနှင့် **တောင်ရန်ရှင်းအဆင့်(၂)** စစ်ဆင်ရေးများကို ပူးတွဲဆင်နွှဲခဲ့ရာ ဘိန်းခင်း ၃၃၅၉၈ ဒသမ ၈၄ ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေနှင့် အရှေ့ မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ မြို့နယ် ၂၅ မြို့နယ်တွင် **ငရဲပန်းအဆင့်(၇)** စစ်ဆင်ရေးနှင့် **တောင်ရန်ရှင်းအဆင့်(၃)** စစ်ဆင်ရေးများကို ပူးတွဲဆင်နွှဲခဲ့သည်။ ဘိန်းခင်းဧက ၂၂၆၃၀ကို လေယာဉ်ဖြင့် ဆေးဖျန်းဖျက်ဆီးနိုင်သကဲ့သို့ မြေပြင်မှ ပူးပေါင်းအဖွဲ့များကလည်း ဘိန်းခင်း ၁၇၅၉၅ ဒသမ ၂၀ ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။

[illegible]	[illegible]	[illegible]		[illegible]		[illegible]		[illegible]		[illegible]	
		[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	-	-	-	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	-	-	-	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	-	-	-	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	-	-	-	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	-	-	-	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	-	-	-	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	-	-	-	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	-	-	-	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	-	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	၂၀၀၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	၂၀၀၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	၂၀၀၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

(၅၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအနက် မိုးဟိန်းစစ်ဆင်ရေးသည် ထင်ရှားခဲ့သည်။ အပေါ်ပုံမှာ မိုးဟိန်းစစ်ဆင်ရေးအတွင်း တပ်မတော်စစ်ကြောင်းများ ချီတက်နေသည့်မြင်ကွင်းကို တွေ့ရစဉ်။

ငရဲပန်းအဆင့်(၈) စစ်ဆင်ရေးနှင့် **တောင်ရန်ရှင်း အဆင့်(၄)** စစ်ဆင်ရေးများကို ၁၉၈၇ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်ထိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်းရှိ မြို့နယ်၂၇ မြို့နယ်တွင်ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးတွင် ဘိန်းခင်း ၂၅၄၉၄ ဧကကို လေယာဉ်ဖြင့် ဆေးဖျန်း ဖျက်ဆီးနိုင်သကဲ့သို့ မြေပြင်မှလည်း ဘိန်းခင်း ၁၅၆၆၁ ဒသမ၄၂ဧကကို ဖျက်ဆီးပစ်နိုင်ခဲ့သည်။ ထို့ကြောင့် ငရဲပန်း အဆင့်(၁)မှ (၈)အထိနှင့် တောင်ရန်ရှင်းအဆင့်(၁)မှ အဆင့်(၄) အထိ စစ်ဆင်ရေးလှုပ်ရှားမှုများတွင် လေယာဉ်ဖြင့် ဆေးဖျန်းကာ ဘိန်းခင်းဧက ၇၂၃၇၀ကို ဖျက်ဆီးနိုင်ခဲ့ပြီး မြေပြင်ကလည်း ဘိန်းခင်း ၁၀၀၀၀၂ ဒသမ ၀၇ ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။ တပ်မတော်အနေဖြင့် မိုးဟိန်းစစ်ဆင်ရေးများအပြင်အခြားဒေသန္တရ စစ်ဆင်ရေးများကို ဆင်နွှဲကာ ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ ရောင်းဝယ်မှုတို့ကို တားဆီးတိုက်ဖျက်ခဲ့ပေသည်။

တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါး နှိမ်နင်းရေး စစ်ဆင်ရေးကြီးများကို ထိုသို့ဆင်နွှဲရာတွင် ဘိန်းမှောင်ခိုသောင်းကျန်းသူများနှင့် တိုက်ပွဲပေါင်း ၃၃၅ ကြိမ်ဖြစ်ပွားခဲ့ပေသည်။ ထိုတိုက်ပွဲများတွင် တပ်မတော်သား စစ်သည်များနှင့်အတူ ပြည်သူ့ရဲတပ်ဖွဲ့ဝင် ၁၀၉ ဦးတို့လည်း နိုင်ငံအတွက် အသက်စွန့်လှူခဲ့ရပြီး ၅၄၂ဦး ဒဏ်ရာများရရှိခဲ့ပေသည်။ ထိုသို့ အသက်နှင့်ရင်းပြီး ကာကွယ်ခဲ့သည့်အတွက် ဘိန်းဖြူစုစုပေါင်း ၁၀၀၄၀ ဒသမ ၃၈ ကီလိုဂရမ် ထုတ်လုပ်ဖြန့်ဖြူးခြင်း မပြုနိုင်အောင် တားဆီးနှိမ်နင်းနိုင်ခဲ့ပေသည်။ တပ်မတော်သည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို အသက်၊ သွေး၊ ချွေးရင်းနှီးကာ တိုက်ဖျက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိ အကျိုးစီးပွားသက်သက်သာမဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံးအတွက်ပါ အထောက်အကူပြု ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၁၉၈၈ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူပြီး နောက်ပိုင်းတွင်လည်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးကို အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်ဆောင်ရွက်ခဲ့ရာ ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးဆိုင်ရာ ကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပေသည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်၏ မူလတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွန့်လွှတ်စွန့်စား ကြိုးပမ်းထမ်းဆောင်လျက်ရှိသကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးတာဝန်နှင့် ပြည်သူ့အကျိုးစီးပွား သယ်ပိုးဆောင်ရွက်ရေးတာဝန်များကိုလည်း အစဉ်အလာမပျက် ထမ်းရွက်လျက်ရှိသည်။

ထို့မျှမက ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် အန္တရာယ်ဖြစ်စေသည့် ဘိန်းဖြူနှင့် မူးယစ်ဆေးဝါးများလုံးဝအမြစ်ပြတ် ပပျောက်သွားစေရေးလုပ်ငန်းများကိုလည်း စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိသော တပ်မတော်သည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူတို့နှင့်အတူ အစဉ်တစိုက် ဆက်လက်ဆောင်ရွက်သွားမည်သာဖြစ်ပေသည်။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မတ် ၂၀ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မက္ကဒေးမီးယားနှင့် ကော်ဖီပင်များ ပျိုးထောင်ထားသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❀ **ကျောဖုံးမှ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မက္ကဒေးမီးယား အပင် ၄၀၀၀ နှင့် ကော်ဖီပင် ခုနစ်သိန်း ပျိုးထောင်ထားသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး သုတေသန စိုက်ခင်းသို့ ရောက်ရှိကြပြီး ဆင်းရွှေလီ စပ်မျိုးစပါးအတွက် မျိုးစေ့ထုတ်လုပ်နိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်က ဆင်းရွှေလီ စပ်မျိုးစပါး ဧကနှစ်သိန်း စိုက်ပျိုးရန်အတွက် မျိုးစေ့ထုတ်လုပ်မည့် စီမံချက်နှင့် ပတ်သက်၍ ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်တင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး တိုက်ရိုက်အစေ့ချ သုတေသနစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

မျိုးစေ့ထုတ်စိုက်ကွင်း

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့၏ ဟူးမွန်ဆည်ရေသောက် ဧက ၄၀ ဆင်းရွှေလီ အထူးအထွက်တိုးစပါး မျိုးစေ့ထုတ် စိုက်ကွင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက စိုက်ကွင်းအတွင်း လိုက်လံပြသရှင်းလင်းကြသည်။

ဆက်လက်၍ အမှတ်(၉၀၂) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း၏ ဟူးမွန်ဆည်ရေသောက် ဧက(၄၀) အထူးအထွက်တိုးဆင်းရွှေလီစပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ဟူးမွန် ကျေးရွာအုပ်စု မန်ဆူကွင်းသို့ ရောက်ရှိကြသည်။

ယင်းနောက် အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုးစပါး ထုတ်လုပ်ရေးအတွက် အာမိုဓာတ်မြေသြဇာ ပေးအပ်လှူဒါန်းပွဲနှင့် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခဲ့သော တောင်သူများအား နိုင်ငံတော်မှ ထောက်ပံ့ချီးမြှင့်ပွဲ အခမ်းအနားကို ဆင်းရွှေလီတောင်သူလယ်သမားခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်က ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက် ဖြစ်သည့် ဒေသဝမ်းစာဖူလုံရေးနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) အနေဖြင့် တိုးတက်လာသော လူဦးရေနှင့်အညီ စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ ကုန်းမြင့်ယာမြေများ ဖော်ထုတ်ခြင်းအပြင်ဒေသအတွင်း အထူးအထွက်တိုးစပ်မျိုးစပါးများကိုလည်းကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြောင်း။

ယခုစိုက်ပျိုးလျက်ရှိသည့်နေရာမှာ ဟူးမွန်ဆည်ရေသောက် ဧရိယာဧက ၈၄၃ ဧကရှိကြောင်း၊ ဟူးမွန်ဆည်သည် ရေလှောင်နိုင်မှုပမာဏ ဧကပေ၁၈၅၀ သာရှိပြီးနွေစပါးအနေဖြင့်ဧက ၁၂၀သာ စိုက်ပျိုးနိုင်မှုရှိကြောင်း၊ ၈၄၃ဧက စိုက်ပျိုးနိုင်ရန်အတွက် ဧကပေ ၅၀၀၀ ခန့် သိုလှောင်နိုင်ရန်လိုအပ်ကြောင်း။

စိုက်ပျိုးနိုင်သည့် ဧက၁၂၀ကို ဧက ၄၀စီစုဖွဲ့ပြီး လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အနီးကပ်ကြီးကြပ်မှုဖြင့် ဧက ၄၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဧက ၄၀၊ လားရှိုးတပ်နယ်/တပ်ရင်း/တပ်ဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ဧက ၄၀ ခွဲဝေဆောင်ရွက်ပြီး တစ်ဖွဲ့ချင်းတွင် မြန်မာ့စိုက်ပျိုးရေးမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူ လယ်သမားများနှင့် ပူးပေါင်းစိုက်ပျိုးလျက်ရှိကြောင်း။

အပင်ဖြစ်ထွန်းမှု ကောင်းမွန်ပြီး အဖိုလိုင်းနှင့်အမလိုင်းများ ပန်းပွင့်ချိန်တူညီစေရန်အတွက် စစ်ဆေးကြပ်မတ်ပြုပြင်ပေးလျက်ရှိကြောင်း။

ယခုဧက ၁၂၀စိုက်ပျိုးလျက်ရှိသည့် ဟူးမွန်ဆည်ရေသောက် ဧရိယာအတွင်းရှိ ၈၄၃ ဧကမှာ အနီးကပ်ကြီးကြပ်မှုကောင်းမွန်စွာဖြင့် ဒေသခံတောင်သူ လယ်သမားများအတွက် နည်းပညာပေးရာ ဗဟိုစံပြစိုက်ခင်းကြီးအဖြစ် ဆောင်ရွက်နေကြောင်း တင်ပြသည်။

စပါးတင်း ၂၇၆သိန်းထွက်ရှိ

ဆက်လက်ပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းတင်ပြရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လူဦးရေစုစုပေါင်း ၂ ဒသမ ၃သန်းအတွက် ဆန်စပါးလိုအပ်ချက် တင်းပေါင်း ၃၃၆ သိန်းဖြစ်ပြီး၂၀၀၂-၂၀၀၃ခုနှစ်က စပါးတင်းပေါင်း ၂၇၆ သိန်းသာ ထွက်ရှိခဲ့ကြောင်း။

သို့ဖြစ်၍ ၂၀၀၃-၂၀၀၄ခုနှစ်တွင် စပါးတင်း၃၂၈သိန်းထွက်ရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ဒေသဝမ်းစာဖူလုံမှု ၉၇ရာခိုင်နှုန်း ရှိလာမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆန်စပါးတိုးမြှင့်ထုတ်လုပ်ရေးအတွက် စိုက်ဧကတိုးချဲ့စိုက်ပျိုးသွားရန်၊ စပါးအထွက်နှုန်းတိုးရေးဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးထုတ်လုပ်ရာ၌ အလေအလွင့်နည်းပါးစေရန်ဆိုသည့်နည်းလမ်းများ လမ်းညွှန်မိန့်ကြားထားခဲ့ကြောင်း။

ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် တောတောင်ရေမြေသဘာဝ ကန့်သတ်ချက်များကြောင့် စိုက်ဧကတိုးချဲ့ရေး၌ အကန့်အသတ်ဖြစ်နေခဲ့ရာ တစ်ဧကအထွက်နှုန်းတိုးတက်ရေး နည်းလမ်းဖြင့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်ရရှိရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုပြီး ဒေသဝမ်းစာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

လက်တွန်းလယ်ထွန်စက်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခဲ့သော တောင်သူဦးကြီးများအားလက်တွန်းလယ်ထွန်စက်၁၂စီး တန်ဖိုးအပါအဝင် ထောက်ပံ့ငွေ ကျပ် ၁၃၁ သိန်းကို တောင်သူလယ်သမားများကိုယ်စား တိုင်းရင်းသား ခေါင်းဆောင် ပန်ဆေး ဦးကျော်မြင့်နှင့် တိုင်းရင်းသားခေါင်းဆောင် ဦးဆိုင်းမွန်တို့အားပေးအပ်သည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ ပေးအပ်သောငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ စပါးအခြောက်ခံစက်ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးအား ပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုးစပါးထုတ်လုပ်ရေး လုပ်ငန်းအတွက် Central Development Co.,မှ လှူဒါန်းငွေ ကျပ် ၂၅ သိန်းနှင့် ဒိုင်းမွန်းစတားကုမ္ပဏီမှ လှူဒါန်းငွေကျပ် ၂၅ သိန်းတို့ကို Central Development Co., ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်က တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးအထွက်တိုး ဆင်းရွှေလီစပ်မျိုးစပါး ထုတ်လုပ်ရေး လုပ်ငန်းအတွက် Five Ocean ကုမ္ပဏီမှလှူဒါန်းငွေကျပ် သိန်း၂၀ ကို ကုမ္ပဏီ ဒါရိုက်တာ ဦးကြည်အောင်က တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်အား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒေသခံတောင်သူလယ်သမားများကိုယ်စား တိုင်းရင်းသား ခေါင်းဆောင် ပန်ဆေး ဦးကျော်မြင့်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှူဒါန်းထားသော လက်တွန်း လယ်ထွန်စက်များနှင့် လှူဒါန်းထားသော ဓာတ်မြေသြဇာများ ကြဲပက်နေခြင်းကို ကြည့်ရှုကြသည်။

ကောက်ကွေ့ချောင်းတမံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နယ် ကောက်ကွေ့ချောင်း ရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကောက်ကွေ့ချောင်း ရေလှောင်တမံ တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ရည်ရွယ်ချက်၊ ဟူးမွန်ရေလှောင်တမံ ရေအကူပေးရန်စီစဉ်ထားမှု၊ စီမံကိန်းလုပ်ငန်းပြီးစီးပါက ရရှိမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊တည်ဆောက်ရေးလုပ်ငန်း၊ စတင်မြေပြင်ဆင်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်တို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဟူးမွန်ဆည်အတွက် ရေကူဆည်တစ်ခု ထပ်မံတည်ဆောက်ရေးနှင့် ပတ်သက်၍ ကောက်ကွေ့ချောင်းအပြင် အခြားဖြစ်နိုင်သည့်နေရာကို ထပ်မံရှာဖွေပြီး အကောင်းဆုံး အခြေအနေပေးသည့်နေရာကိုသာ ရွေးချယ်ဆောင်ရွက်ရန်နှင့် ဌာနချုပ်မှ အမြန်ရှာဖွေတိုင်းတာမှုများ ပြုလုပ်ရန်မှာကြားသည်။

ယင်းနောက် ရေကူဆည်တည်ဆောက်ရေးအတွက် မြေပြင်အခြေအနေကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

ကုန်းမြင့်ယာမြေစံပြစိုက်ခင်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့အထွက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ကုန်းမြင့်ယာမြေ ဧက ၁၀၀၀ စံပြစိုက်ခင်း စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဂါလန် နှစ်သိန်းဆံ့ ရေကန်နှင့် ရေတွန်းစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသော ပဲစင်းငုံ၊ ပဲပုပ်၊ နေကြာ၊ ပြောင်း၊ မြေပဲနှင့် စပါးမျိုးစေ့နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှဦးစီးအရာရှိ(ပထမတန်း) စစ်ထောက် ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်က ကုန်းမြင့်ယာမြေဧက ၁၀၀၀ စံပြစိုက်ခင်း စီမံကိန်းအရ ဆင်းရွှေလီမိုးစပါး၊ ဆင်းရတနာ ယာစပါး၊ မြေပဲ၊ ပဲပုပ်၊ ပဲစင်းငုံ၊ နေကြာ စိုက်ပျိုးရေး၊ ပျားလိမ္မော်၊ မက္ကဒေးမီးယားနှင့် ကော်ဖီ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဓိက သီးနှံ ၁၀ မျိုး ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဒေသခံတောင်သူ လယ်သမားများအား ပညာပေး စည်းရုံးဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိုစိုပြေပြေ စက်အုတ်လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး မြေသယ်စက်၊ ကြိတ်စက်၊ မွှေစက်၊ ညှစ်စက်၊ ပုံဖော်စက်၊ အုတ်ဖြတ်စက်၊ အုတ်ဖုတ်စက် စသည့် စက်အုတ်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လားရှိုးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ပြည်နယ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ တည်နေရာ၊အကျယ်အဝန်း၊ လူဦးရေဖွဲ့စည်းမှု၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ နယ်စပ်ကုန်သွယ်မှု၊ မြေယာအသုံးချမှုနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ချက်၊ ဒေသဝမ်းစာ ဖူလုံမှုအခြေအနေ၊ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်မှု၊ သတ္တုကဏ္ဍဆောင်ရွက်ချက်၊ လမ်းပန်းဆက်သွယ်မှု ဆောင်ရွက်ချက်၊ ရွှေလီရေအားလျှပ်စစ်စီမံကိန်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဒေသဆိုင်ရာအာဏာပိုင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ စေတနာရှင်လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ စုံစုံညီညီဆုံစည်းခိုက်တွင် မိမိတို့အဖွဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လာရောက်ခဲ့သည့် အကြောင်းရင်းများ၊ ယနေ့နိုင်ငံတော်၏ အခြေအနေများနှင့် စပ်လျဉ်း၍ သိသင့်သိအပ်သည်များကို ရှင်းလင်းပြောကြားသွားမှာဖြစ်ကြောင်း။

မိမိဦးဆောင်ပြီး ဒေသဆိုင်ရာ တာဝန်ခံများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ စုံစုံညီညီ ပါဝင်သည့် အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် ယမန်နေ့ကပင် ရောက်ရှိခဲ့ကြကြောင်း။

ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသမြို့တစ်မြို့ဖြစ်သည့် မူဆယ်မြို့တွင် ခေတ်မီအဆင့်မြင့်အားကစား ကွင်းသစ်ကြီး တည်ဆောက်ပြီးဖြစ်သဖြင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြောင်း။

ထို့နောက်ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်း ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးအားပေးရင်း ဒေသရှိ တိုင်းရင်းသားခေါင်းဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိက တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး မှာကြားဖွယ်ရာများ မှာကြားခဲ့ကြောင်း။

လားရှိုး၊ ကွတ်ခိုင်တို့မှ ကိုးကန့်ဒေသသို့သွားရာအနီးဆုံးလမ်းဖြစ်လာမည့် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန်-လောက်ကိုင်လမ်းမကြီးပေါ်ရှိ တာပါးရွာ၌ သံလွင်မြစ်ဖြတ် သံမဏိသံပေါင်ကြိုးတံတားကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်း ရောက်ရှိခဲ့ပြီး လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးခဲ့ကြောင်း။

လိုအပ်ချက်သုံးရပ်

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စွမ်းဆောင်ပေးနိုင်မည့် လူ့စွမ်းအား အရင်းအမြစ်များပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်မှုတို့သည် အခြေခံအကျဆုံးသောအဓိက လိုအပ်ချက်သုံးရပ်ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

➪ စာမျက်နှာ ၁၀မှ

ထို့အပြင် တိုင်းရင်းသား လူမျိုးပေါင်းတစ်ရာကျော်ဖြင့်ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် အဆိုပါ အဓိကလိုအပ်ချက် သုံးရပ်အပြင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မြဲမှုကို အခြေခံသည့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ခိုင်ခိုင်ခံ့ခံ့ တိုးပွားဖြစ်ထွန်းနေရန်လည်း လိုအပ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာရေးသည် အဆိုပါ အဓိကလိုအပ်ချက် သုံးရပ်အပေါ် မူတည်လျက်ရှိရာ ယင်းအခြေခံများ ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် လွတ်လပ်ရေးရရှိပြီးနောက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပျက်ယွင်းပြီး တစ်ဦးပေါ်တစ်ဦး သံသယပွားကာ ပဋိပက္ခများ ဖြစ်လာခဲ့သဖြင့် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည့်ကို အားလုံးကြုံတွေ့ခံစားခဲ့ကြရပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ မိမိတို့တပ်မတော် အစိုးရ နိုင်ငံတော်၏ တာဝန်ကို ရယူခဲ့ရချိန်မှစတင်၍ နိုင်ငံတည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဖြစ်ထွန်းမှ တိုင်းပြည်စီးပွားရေး တောင့်တင်းခိုင်မာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မည်၊ သို့မှသာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမည်ဆိုသည့် သဘောထား ခံယူချက်ဖြင့် ငြိမ်းချမ်းရေးရရှိ ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

ငြိမ်းချမ်းသာယာသော နယ်စပ်အစွန်အဖျား ဒေသများကိုလည်း လျစ်လျူရှုမထားဘဲ ထုထည်ပမာဏ ကြီးမားလှသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးကို ချမှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြောင်း။

တိုင်းရင်းသား ခေါင်းဆောင်များနှင့်တကွ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီး၏ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာပြီး နယ်စပ်ဒေသများမှာ မြို့ကြီးပြကြီးများနှင့်မခြားဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားလျက်ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် နယ်စပ်ဒေသများ၌ သမိုင်းနှင့်ချီပြီး ဖြစ်ပေါ်နေခဲ့သည့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို မိမိတို့ခေတ်ကာလတွင် မြန်မာ့မြေပေါ်မှ အပြီးတိုင် ပပျောက်သွားစေရေးအတွက် နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ယခုဆိုလျှင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ် စီမံကိန်းကြီးကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေသအာဏာပိုင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဘိန်းအစားထိုး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး လုပ်ငန်းများမှာ နိုင်ငံတော်၏ အစီအမံများ၊ ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းလျက် ရှိနေပြီဖြစ်ကြောင်း။

လွန်ခဲ့သော နှစ်နှစ်ခန့်ကစတင်၍ မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ ၁၅ နှစ် စီမံကိန်းကြီးကို အားဖြည့်အရှိန်မြှင့်တင်ပေးသည့်အနေဖြင့် “ပန်းတိုင်သစ်စီမံကိန်း”ကို ချမှတ်ပြီး ဘိန်းစိုက်တောင်သူများနှင့် တိုက်ရိုက်ထိတွေ့ကာ ဘိန်းအစားထိုးစိုက်ပျိုးရေး သီးနှံမျိုးစေ့များ၊ ဝင်ငွေအစားထိုး စီးပွားရေး လုပ်ငန်း လိုအပ်ချက်များ၊ ဆန်၊ ဆားစသည့် ဝမ်းစာလိုအပ်ချက်များ ပံ့ပိုးပေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်သူများကိုယ်တိုင်က ဘိန်းမျိုးစေ့များ၊ ဘိန်းသီးများ ပြန်လည်အပ်နှံ၍ ဘိန်းစိုက်ပျိုးမှုလုပ်ငန်းများကို စွန့်လွှတ်လာသည်ကို တွေ့ရကြောင်း။

သို့ဖြစ်၍ နှစ်စဉ် လာရောက်လေ့ရှိသည့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တိုင်းတာရေးပညာရှင်အဖွဲ့ မကြာသေးမီကာလက လာရောက်၍ တိုင်းတာစိစစ်ခဲ့ရာ၌ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ် သိသာစွာ ကျဆင်းလျော့နည်းလာခဲ့သည်ကို အသိအမှတ်ပြုခဲ့သည်ကို တွေ့ရကြောင်း။

ဤကဲ့သို့ ဘိန်းစိုက်တောင်သူများကိုယ်တိုင်က ဘိန်းစိုက်ပျိုးမှုကို စွန့်လွှတ်လာခဲ့ပြီး တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသအာဏာပိုင်များကလည်း နိုင်ငံတော်အစိုးရ၏ အားပေးကူညီ ဖြည့်ဆည်းပေးမှုများကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်ခဲ့သည့်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အပါအဝင်နယ်စပ်ဒေသများအားလုံးမှာ အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်လျက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းကာ ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းလည်း ပိုမိုတိုးတက် မြင့်မားလာခဲ့သည်ကို တွေ့နိုင်ကြောင်း။

နိုင်ငံတော်အစိုးရတိုင်းသည် မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ကောင်းရာကောင်းကြောင်း ကြိုးပမ်းဆောင်ရွက်ကြသည်သာ ဖြစ်ကြောင်း၊ ရှေးယခင် ပါလီမန်ခေတ်ကာလကလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့ရာတွင် စည်းလုံးညီညွတ်မှုမရှိဘဲ အုပ်ကွဲသင်းကွဲမှုများနှင့် လက်နက်ကိုင် ဆန့်ကျင်မှုများကြောင့် နိုင်ငံတော်ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်မှု မရှိသည်ကို တွေ့ရကြောင်း။

အစိုးရ ခေတ်အဆက်ဆက် ပြောင်းလဲခဲ့သော်လည်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု မရှိခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ယိုယွင်းပျက်ပြားခြင်းတို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၌ နှောင့်နှေးခဲ့ရသည်ကို တွေ့ရကြောင်း။

သို့ဖြစ်၍ မိမိတို့ အစိုးရခေတ်ကာလတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလိုအပ်ချက် လေးချက် ပြည့်ပြည့်ဝဝ ဖြစ်ထွန်းရေးကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တစ်နေ့တခြား တိုးတက်အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်မှာ မည်သူမျှ မငြင်းနိုင်သည့် အမှန်တရားပင်ဖြစ်ကြောင်း။

မိမိတို့ အစိုးရသည် တိုင်းပြည်ကောင်းရာကောင်းကျိုး ကြိုးပမ်းဆောင်ရွက်မည်ဆိုသည့် သဘောထားအပြင် မိမိနိုင်ငံအပေါ်၊ မိမိပြည်သူများအပေါ် စေတနာကောင်းထားရှိမှု၊ မနေမနား ဇွဲရိယစိုက်ထုတ် ကြိုးပမ်းမှုများ ထပ်လောင်းဖြည့်ဆည်းပြီး နိုင်ငံတော်တိုးတက်ရာ တိုးတက်ကြောင်း၊ ပြည်သူများ လူနေမှုဘဝအဆင့်အတန်း မြင့်မားရာ မြင့်မားကြောင်း ဘက်စုံကဏ္ဍစုံ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်မှာ အားလုံး မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိပြည်သူများအပေါ် မိဘက သားသမီးအပေါ်ထားရှိသည့် မေတ္တာစေတနာဖြင့် ပြည်သူများ ကောင်းရာကောင်းကျိုးအတွက် အမြဲမပြတ် ဂရုပြု စောင့်ရှောက်ပေးလျက်ရှိသည့် အားလျော်စွာ နိုင်ငံတော်အတွင်း ထူးထူးခြားခြား တိုးတက်ပြောင်းလဲ ဖြစ်ထွန်းမှုများမှာ လက်ညှိုးထိုး၍မလွဲအောင်ပင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယနေ့ဆိုလျှင် စက်ရုံအလုပ်ရုံကြီးများ၊ လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ ခေတ်မီတိုက်တာအဆောက်အအုံများ၊ သစ်လွင်ခံ့ညား ထည်ဝါသည့် တက္ကသိုလ်ကြီးများ၊ ကောလိပ်များ၊ အထူးကုဆေးရုံကြီးများ၊ ခုတင် ၃၀၀ ဆံ့ ခေတ်မီအဆင့်မြင့်ဆေးရုံကြီးများမှာ တစ်နိုင်ငံလုံး၊ ပြည်နယ်နှင့် တိုင်းအားလုံးတွင် ပျံ့နှံ့လွှမ်းခြုံ ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

ပြည်သူများ သွားလာဆက်ဆံမှု၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများကို ရှမ်းပြည်နယ်ကြီး တစ်ခွင်လုံးအပါအဝင် တစ်နိုင်ငံလုံးတွင် ဖြန့်ကြက် တည်ဆောက်ပေးထားပြီး တည်ဆောက်ပေးနေဆဲ ဖြစ်ကြောင်း၊ လားရှိုး–မန္တလေး၊ လားရှိုး–မူဆယ်ခရီးများမှာ ယခုဆိုလျှင် နေ့ညအချိန်မရွေး နာရီပိုင်းမျှဖြင့် သွားလာနိုင်နေပြီကို တွေ့နိုင်ကြောင်း။

ထူးထူးခြားခြား

ဤကဲ့သို့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ ကောင်းမွန်လာသည်နှင့်အမျှ ပြည်သူများ၏ ဆက်သွယ်ဆက်ဆံရေး၊ စီးပွားကုန်သွယ်ရေး အခွင့်အလမ်းများ တိုးပွားလာပြီး လူမှုစီးပွားရေးအခြေခံများ တိုးတက်မြင့်မားမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးပွားခိုင်မာမှု၊ မြို့ပြတိုးတက် ဖြစ်ထွန်းမှုများမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အပါအဝင် နယ်စပ်ဒေသများအားလုံးတွင် ထူးထူးခြားခြား ဖြစ်ပေါ်ပြောင်းလဲ တိုးတက်နေခဲ့ပြီဖြစ်ကြောင်း။

ယင်း တိုးတက်ပြောင်းလဲမှုများ၏ အကျိုးရလဒ်ကောင်းများကို ပထမဆုံး ရရှိခဲ့ရသည်မှာ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ ဖြစ်ကြောင်း။

ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများ တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါကောင်းတွင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းသာယာမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးပွားခိုင်မာမှု အခြေခံကောင်းများ ပိုမိုတည်တံ့ခိုင်မြဲအောင်၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုင်းရင်းသား ပြည်သူများအားလုံးတွင် တာဝန်ရှိကြောင်း။

တိုင်းရင်းသား လူမျိုးများစွာ ပေါင်းစည်း ယှက်နွယ်နေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုငယ်လေးများဖြစ်သော ပြည်နယ်နှင့်တိုင်းအားလုံး စုစည်းပါဝင် ဖြစ်တည်လျက်ရှိသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့သည် အသက်ဝိညာဉ်သဖွယ်ပင် ဖြစ်ကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး ဦးတည်ပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ဆူကြံနိမ့်မြင့် ကွာဟချက်ကျဉ်းမြောင်းပပျောက်ပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် တစ်မျိုးသားလုံးအတွက် စီးပွားရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းအောင်၊ ပြည်သူအများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားအောင် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ မေတ္တာစေတနာကို တိုင်းရင်းသားပြည်သူများအားလုံးက နားလည်သဘော ပေါက်ကြဖို့လိုကြောင်း။

ကျေးဇူးတုံ့ပြန်

ထို့ကြောင့် တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံတော်အစိုးရ၏ မေတ္တာစေတနာနှင့် မိမိတို့ ကောင်းရာကောင်းကျိုးအတွက် စီမံဖန်တီး ဖော်ဆောင်ပေးနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၏ အကျိုးရလဒ်ကောင်းများကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် မိမိတို့ပြည်သူများဘက်မှ ဆောင်ရွက်ဖွယ်ရာ တာဝန်များ ဖြစ်သော မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားပြန့်ပွား ခိုင်မာပြီး ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်သူများ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းရွက်သွားကြရန် မှာကြားသည်။

သိန်းနီမြို့သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် လိုက်ပါလျက် လားရှိုးမြို့မှတစ်ဆင့် သိန်းနီမြို့သို့ မွန်းလွဲ ၁၂နာရီခွဲတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သိန်းနီမြို့ ခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ သိန်းနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က သိန်းနီမြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ပထဝီဝင်အနေအထား၊ မိုးစပါး၊ လယ်စပါး၊ တောင်ယာစပါး၊ နွေစပါးစိုက်ပျိုးမှု၊ စပါးအထွက်တိုးရန် ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် သိန်းနီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးဖွယ်များ ဆောင်ရွက်ပေးနိုင်ရန်နှင့် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့်တကွ ရပ်မိရပ်ဖများအား မှာကြားဖွယ်ရာများ မှာကြားနိုင်ရန် မိမိတို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်လူရွယ်များအပါအဝင် ကျေးလက်ဒေသနေ ပြည်သူများ ပညာတတ်မြောက်စေရေးအတွက် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးမှု၊ အဆင့်မြှင့်တင်ပေးမှုများ ဆောင်ရွက်နေသကဲ့သို့ သက်ကြီးစာမတတ်တောင်သူများ စာတတ်မြောက်စေမည့် “အ”သုံးလုံးကြေ သင်တန်းများလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ထို့အပြင် နယ်စပ်ဒေသနေ တိုင်းရင်းသူ အမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်စေရေးအတွက် အမျိုးသမီးသက်မွေး သင်တန်းကျောင်းများကို နယ်စပ်ဒေသမြို့ကြီးများ၌ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၂၀ရက်က အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုးစပါးထုတ်လုပ်ရေးအတွက် အာမိုဓာတ်မြေဩဇာ ပေးအပ်လှူဒါန်းပွဲနှင့် ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခဲ့သော တောင်သူများအား နိုင်ငံတော်မှ ထောက်ပံ့ချီးမြှင့်ပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခဲ့သော တောင်သူဦးကြီးများအား လက်တွန်းလယ်ထွန်စက် ၁၂စီး တန်ဖိုးအပါအဝင် ထောက်ပံ့ငွေကျပ် ၁၃၁သိန်းကို တောင်သူလယ်သမားများကိုယ်စား တိုင်းရင်းသားခေါင်းဆောင် ပန်ဆေးဦးကျော်မြင့်နှင့် ဦးဆိုင်းမွန်တို့အား ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စသည့်လူမှုရေး အဖွဲ့အစည်းများကလည်း အမျိုးသမီးငယ်များ၏ ပညာရေး၊ ကျန်းမာရေး အခြေခံများ တိုးတက်ဖွံ့ဖြိုးစေရေး၊ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်၍ မိသားစုဝင်ငွေတိုးစေရေး၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ ထိန်းသိမ်းမြှင့်တင်ရေးတို့အတွက် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့သော အခြေအနေ အချိန်အခါကောင်းတွင် မိမိတို့ဒေသတွင်းရှိ အမျိုးသမီးငယ်များ၏ လူမှုရေးဘဝလုံခြုံမှု၊ စာပေပညာတတ်မြောက်မှု၊ အသိဉာဏ်ဗဟုသုတ တိုးပွားမှု၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မှုများအပါအဝင် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်စေရအောင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများက တက်တက်ကြွကြွ ပညာပေး စည်းရုံးဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

ထို့အပြင် မိမိရပ်ရွာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းပေးမှုများ ထိထိရောက်ရောက် အကောင်အထည်ဖော် ဖြစ်ထွန်းလာစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြဖို့လည်း လိုအပ်ကြောင်း။

သိန်းနီမြို့နယ်သည် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အလားအလာကောင်းများ ရှိထားပြီးဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများ၏ ဦးဆောင်ဦးရွက်ပြုမှု၊ စီမံခန့်ခွဲမှုများသည် အဓိကကျကြောင်း။

သိန်းနီမြို့နယ်သည် နယ်စပ်ဒေသနှင့် နီးစပ်သော နယ်မြေဒေသဖြစ်ရာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မှုများ ဖြစ်ထွန်းလာအောင် စည်းရုံးဆောင်ရွက်ရမှာဖြစ်ကြောင်း။

ဌာနဆိုင်ရာများက ဦးဆောင်ပြီး လူမှုရေး အသင်းအဖွဲ့များ၏ ကူညီပံ့ပိုးမှုအား၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားများ ပေါင်းစပ်ကာ မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❐

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နောင်ချိုမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

❐ စာမျက်နှာ ၁၁ မှ

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သိန်းနီမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာ တစ်စုံတို့ကို လက်ထောက် မြို့နယ်ပညာရေးမှူးထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သိန်းနီမြို့ မဟာကမ္ဘောဇကျောင်းဆိုင် ကျောင်းတိုက်သို့ သွားရောက်၍ နမ့်ဆလပ်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိသေန အမှူးပြုသော ဆရာတော် သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘူမိဖဿမုဒြာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နောင်ချိုမြို့သို့

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ တစ်ဆင့် နောင်ချိုမြို့သို့ ရောက်ရှိကြရာ ကျောက်မဲခရိုင်နှင့် နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နောင်ချိုမြို့ မြို့နယ်ခန်းမ၌ ကျောက်မဲခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေယာအသုံးချမှု အခြေအနေ၊ ၂၀၀၃-၂၀၀၄ ခုနှစ် တစ်နှစ်ပတ်လုံးသီးနှံများ စိုက်ပျိုးမှု အခြေအနေ၊ အထူးအထွက်တိုးစပါး ဆင်းရွှေလီနှင့် ဆင်းရတနာစပါး စိုက်ပျိုးမှု၊ ခရိုင်အတွင်း ဝမ်းစာဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလွင်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ရာသီဥတု၊ မြေယာအသုံးချမှု၊ တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးမှု၊ မိုးသီးနှံစိုက်ပျိုးမှု၊ ဆောင်းသီးနှံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေးလုပ်ငန်းများ အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် စီမံကိန်းဒါရိုက်တာ ဦးသောင်ညွန့်တို့က ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်များတွင် ကော်ဖီဧက တစ်သိန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်နေမှု၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်မှု၊ ဖော်ထုတ်ပြီး စိုက်ပျိုးမြေများကို အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ချထားပေးပြီး ချထားပြီး စိုက်ပျိုးမြေများတွင် ကော်ဖီပင်များ စိုက်ပျိုးထားမှု၊ ကော်ဖီပျိုးပင်များ ဖြန့်ဝေမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရည်မှန်းချက် လုပ်ငန်းများအောင်မြင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းပံ့ပိုးဆောင်ရွက်ကြရေး မှာကြားသည်။

ကော်ဖီဧက တစ်သိန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် နောင်ချိုမြို့နယ် အပါအဝင် ကျောက်မဲခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်နှင့် နောင်ချိုမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ် အကြား ကော်ဖီဧက တစ်သိန်း ဖော်ထုတ်စိုက်ပျိုးရေး စီမံကိန်း၏ တိုးတက်မှု အခြေအနေများ စိစစ်ပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် မိမိနှင့်အဖွဲ့ လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း။

နောင်ချိုမြို့နယ် အပါအဝင် ကျောက်မဲခရိုင်သည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးအလားအလာကောင်းများ ဖြစ်ထွန်းနေသည်ကို တွေ့ရကြောင်း။

နောင်ချိုမြို့နယ်အတွင်း ကျေးရွာများအထိ လမ်းပေါက်နေပြီးဖြစ်ရာ လမ်းများ အဆင့်မြှင့်တင်ရေး၊ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ ကျေးလက် ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ရေးအပါအဝင် ဒေသ၏ တင်ပြချက်များ အားလုံးကို ယခုပင် ဖြည့်ဆည်းစီမံပေးခဲ့ပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ ကျောက်မဲခရိုင်နှင့်တကွ နောင်ချိုမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် ခရိုင်နှင့်မြို့နယ် တာဝန်ရှိ ပုဂ္ဂိုလ်များ အားလုံးက ဝီရိယနှင့် စေတနာအား ပေါင်းစပ်ပြီး အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် ဗဟိုအဆင့်မှ နိုင်ငံတော်တာဝန်ရှိသူများ ကိုယ်တိုင် မြို့နယ်အဆင့်၊ ကျေးလက်အဆင့်များ အထိ လာရောက်ပြီး ဒေသဖွံ့ဖြိုးရေး အစီအမံများ စီမံဆောင်ရွက်ပေးလျက် ရှိရာ ဗဟိုအဆင့်မှ ပံ့ပိုးပေးမှုများ၊ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းတာဝန်များကို ဖိဖိစီးစီး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

တစ်စိတ်တည်းတစ်ဝမ်းတည်း

နောင်ချိုမြို့နယ်သည် အခြားသော ဒေသများနည်းတူ တိုင်းရင်းသား လူမျိုးစုများ ပေါင်းစည်းနေထိုင်ကြသည့် ဒေသဖြစ်ရာ ပြည်ထောင်စုကြီး အတွင်း တစ်မိသားစုတည်းမှပေါက်ဖွားလာသော သွေးချင်းများ အချင်းချင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ တိုးပွားခိုင်မာအောင် ပြည်ထောင်စု စိတ်ဓာတ် အခြေခံဖြင့် မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား ပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လာစေရအောင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ အားလုံးက တစ်စိတ်တည်း တစ်ဝမ်းတည်း ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နောင်ချိုမြို့ အခြေခံပညာ အထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်လည်ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

စာပေနှင့် အနုပညာပြိုင်ပွဲပြပွဲ ခင်းကျင်း ပြသမည်

ရန်ကုန်   မတ်   ၂၂

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ပြပွဲကို တပ်မတော်ခန်းမတွင် မတ် ၂၆ရက်မှ ဧပြီ ၄ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ပြီး အဆိုပါပြပွဲတွင် ပြည်သူအများ စိတ်ဝင်တစား ကြည့်ရှုလေ့လာနိုင်ရန် ယခင်နှစ်များထက် ထူးခြားကောင်းမွန်သော ဓာတ်ပုံလက်ရာများ၊ ပန်းချီ၊ ပန်းပုအနုပညာလက်ရာများ၊ ဗဟုသုတအဖြစ် မှတ်သားစရာများဖြင့် ခင်းကျင်းပြသထားမည်ဖြစ်ရာ မည်သူမဆိုလာရောက် ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

လျှပ်တစ်ပြက် ဗဟုသုတဖြေဆိုမှု ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်   မတ်   ၂၂

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် မတ် ၂၆ရက်မှ ဧပြီ ၄ရက်အထိ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲကြီး ကျင်းပမည်ဖြစ်ရာ ပြပွဲကြီး၏ အထူးပြခန်းတစ်ခုဖြစ်သော တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်းတွင် လျှပ်တစ်ပြက် ဗဟုသုတမေးခွန်းလွှာ ဖြေဆိုမှုပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကို တပ်မတော်နေ့ပြပွဲသို့ လာရောက်ကြည့်ရှုသူ မည်သူမဆို ဖြေဆိုနိုင်ကြပြီး ပြပွဲကာလ ၁၀ရက်တိုင် နေ့စဉ် မွန်းတည့် ၁၂နာရီတွင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း သတ်မှတ်ထားသည့် နေရာတွင် ယှဉ်ပြိုင်ဖြေဆို၍ မွန်းလွဲ ၂နာရီတွင် ဆုရရှိသူများအား ဆုချီးမြှင့် ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

နွေကိုချစ်သည့် ချစ်သူ အသံလွှင့်ဇာတ်လမ်း ထုတ်လွှင့်မည်

ရန်ကုန်   မတ်   ၂၂

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စိုးနောင်(ပေါက္ကံ)၏ ဝတ္ထုဇာတ်ညွှန်းကို ယဉ်ယဉ်လှ စီစဉ်ထုတ်လွှင့်သည့် **"နွေကိုချစ်သည့် ချစ်သူ"** အသံလွှင့် ဇာတ်လမ်းကို မတ် ၂၇ရက် ည ၇ နာရီ ၁၅ မိနစ်တွင် မြန်မာ့အသံမှ ထုတ်လွှင့်မည်ဖြစ်သည်။ ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင်များ ဖြစ်ကြသည့် အကယ်ဒမီအောင်လွင်၊ ဦးစောနိုင် (ရှမ်းပြည်)၊ ဥက္ကာမင်းမောင်၊ မိုးပြည့်ပြည့်မောင်နှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၅ ၈။ ဆပ်သွားတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
-(၅၂)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ) (သင်္ချာ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၂၅ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၃၅ ၈။ တေးဂီတအစီအစဉ်
၅:၄၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ ကြေးမုံရိပ်သွင်တေးနှယဉ်
၇:၁၅ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇:၂၅ ၁၄။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၃၅ ၁၅။ **(၅၂)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်**
- "ပြည်သူ့အတွက်တပ်မတော်"
- "ပြည့်အကျိုးလုပ်ငန်းသယ်ပိုးရန်မှာတို့ဝန်တာ" (လမ်း၊တံတား၊ယဉ်ကျေးမှု)
- ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
- ဇာတိမာန်(ရဲဘော်ခင်မောင်လှ၊ ဖိုးဆိုချင်ခင်မောင်ညွန့်)

၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၁၄)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၌ အကောင်အထည်ဖော်မည့် ရွှေစာရေး ရေလှောင်တမံနှင့် ရေအားလျှပ်စစ် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေစာရေးရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့်နေရာ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၌ အကောင်အထည်ဖော်မည့် ရွှေစာရေးရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ကြိုဆို

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းဆောင်ရွက်မည့် ရွှေစာရေးကျေးရွာ၏ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကနီမြို့နယ်ဘက်ခြမ်းသို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက်အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ချင်းတွင်းမြစ်၏ ရေစီးရေလာအခြေအနေ၊ ရွှေစာရေးကျေးရွာအနီးရှိ မြစ်ကျဉ်းအနေအထား၊ ရွှေစာရေးကျေးရွာနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် နေရာများကို ကနီမြို့နယ်ဘက်ခြမ်းရှိ ရှုရပ်မှကြည့်ရှုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာဘက်ခြမ်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က နိုင်ငံအတွင်းရှိရေအားလျှပ်စစ်အရင်းအမြစ်များ တည်ရှိမှုအခြေအနေ၊ စစ်ကိုင်းတိုင်းအတွင်း တည်ဆောက်ပြီးနှင့်တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ၊ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်ယူရရှိရေးအတွက် ကွင်းဆင်းလေ့လာ ဆောင်ရွက်လျက်ရှိသည့် ချင်းတွင်း-ရောဝတီဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာများ၊ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ဆောင်ရွက်လျက်ရှိသည့် ဇလဗေဒနှင့်ဘူမိဗေဒ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ချင်းတွင်းမြစ်ကျဉ်းကိုပိတ်၍ တည်ဆောက်သွားမည့် ရွှေစာရေး ရေလှောင်တမံစီမံကိန်း၏ တည်ဆောက်မှုဆိုင်ရာနည်းလမ်းများ၊ စီမံကိန်း၏ လုပ်ငန်းထုထည်ပမာဏကြီးမားမှုများ၊ စိုက်ပျိုးရေ ပေးဝေနိုင်မည့်အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များ အပေါ် အတွင်းရေးမှူး(၁)က ပြည်သူများ လက်တွေ့အကျိုးကျေးဇူး မြန်မြန်ခံစားခွင့်ရရှိအောင် ဆည်မြောင်းဦးစီးဌာနနှင့် ရေအားလျှပ်စစ် ဦးစီးဌာနတို့က ပူးပေါင်း၍ ကြိုးကြိုးစားစား အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဂျပန်နိုင်ငံ Kansai ကုမ္ပဏီမှ ဒုတိယ အထွေထွေမန်နေဂျာ Mr. Yoshizu နှင့် တာဝန်ရှိသူအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ထို့နောက်အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်နေရာကို ကြည့်ရှုကြသည်။

ချင်းတွင်းမြစ်၏ ရွှေစာရေးမြစ်ကျဉ်းနေရာတွင် ရွှေစာရေး ရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

စီမံကိန်းတည်နေရာမှာ မုံရွာမြို့ မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီးဖြစ်သည်။

စီမံကိန်းအရ ချင်းတွင်းမြစ်၏ ရွှေစာရေးမြစ်ကျဉ်းတွင် တမံအမြင့် ပေ ၁၃၀၊ တမံအလျား ပေ ၃၂၈၀ ရှိ ကျောက်ဖြည့်တမံ တည်ဆောက်သွားရမည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ် ၆၆၀ မဂ္ဂါဝပ်ခန့် ရရှိမည်ဖြစ်ပြီး စိုက်ပျိုးမြေ ဧရိယာဧက ၁၅၀၀၀၀ခန့်ကို အမြင့်မှအနိမ့်သဘာဝ ရေစီးဆင်းမှုစနစ်ဖြင့် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ဆောင်ရွက်ပြီးဖြစ်

စစ်ကိုင်းတိုင်းအတွင်း ကလေးမြို့နယ်၌ ဓိးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ လဟယ်မြို့နယ်၌ လဟယ် ရေအားလျှပ်စစ်စီမံကိန်း၊ ကျွန်းလှမြို့နယ်၌ သဖန်းဆိပ် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည်။ ရရှိပြီးသည့် လျှပ်စစ်ဓာတ်အားမှာ ၃၁ ဒသမ ၃၁ မဂ္ဂါဝပ်ဖြစ်သည်။

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းအပါအဝင် ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်၌ ဟုမ္မလင်းရေအားလျှပ်စစ်စီမံကိန်း၊ ဥရုချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ဘုတ်ဗားရေအားလျှပ်စစ်စီမံကိန်း၊ ထမံသီ ရေအားလျှပ်စစ်စီမံကိန်း၊ မော်လိုက် ရေအားလျှပ်စစ်စီမံကိန်း၊ နေရဥ္စရာချောင်း ရေအားလျှပ်စစ်စီမံကိန်း စသည့် ရေအားလျှပ်စစ် စီမံကိန်းများရှိရာ ယင်းစီမံကိန်းများကိုစီမံကိန်းအလိုက် အသေးစိတ်လေ့လာ တိုင်းတာမှုများ ပြုလုပ်၍ ဖြစ်မြောက်နိုင်စွမ်းရှိသည်များကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

စုပေါင်းကာကွယ်
မီးအန္တရာယ်

❐ **စာမျက်နှာ ၅ မှ**

ငှက်ပျောတော၊ ရှမ်းတဲကြီး၊ ဆင်ဖုံ၊ မလစ်၊ မြောက်ဥက္ကလာပ၊ ချောင်းညီအစ်ကို၊ ခုနစ်အိမ်တန်း၊ ကွမ်းခြံကုန်း၊ ရခိုင်ချောင်း၊ ပန်တိုင်၊ စန္ဒယော်၊ မင်္ဂလာ၊ ထိုဝါးရေတံခါးကြီးများကိုလည်း တည်ဆောက်ပေးပြီးဖြစ်ကြောင်း။

ထို့အပြင် ငမိုးရိပ်ရေလှောင်တမံ ပိုလျှံရေများကိုအကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက်လည်း ငမိုးရိပ်ရေထိန်းတံခါးကြီးကို တည်ဆောက်နေပြီဖြစ်ကြောင်း၊ ထူးခြားချက်မှာ ငမိုးရိပ် ပိုလျှံရေများကို သန်လျင်၊ သုံးခွ၊ ကျောက်တန်းမြို့နယ်များသို့ စိုက်ပျိုးရေရရှိရေးအတွက်လည်း အမှတ်(၂) သန်လျင်တံတားပေါ်မှတစ်ဆင့် ရေသွယ်ပိုက်လိုင်းများဖြင့် ရေပေးဝေရန် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ထို့အပြင် ရန်ကုန်တိုင်းအတွင်းတွင် ရေမြေသယံဇာတ ရရှိနိုင်မှု အခြေအနေကောင်းမွန်သည့်အတွက် ရေလှောင်တမံ၊ ရေထိန်းတံခါးများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်းကိုလည်း တင်ပြလိုကြောင်း။

ယခုကဲ့သို့ မိုးသီးနှံအောင်ရေသေချာမှုရှိရေး၊ နွေရာသီ သီးနှံစိုက်ပျိုးရေးအတွက် ရေလှောင်တမံ၊ ရေထိန်းတံခါးများတည်ဆောက်ပေးခြင်းမှာ ဒေသအတွက်များစွာ အကျိုးရှိရာ ဒေသခံပြည်သူလူထုနှင့် တောင်သူများကိုယ်စား တည်ဆောက်အကောင်အထည်ဖော်ပေးသည့် နိုင်ငံတော် အကြီးအကဲနှင့် ခေါင်းဆောင်များနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသွားသည်။

ထို့နောက် ဒေသခံပြည်သူများ၏ကိုယ်စား လှည်းကူးမြို့နယ်မှဒေသခံပြည်သူတစ်ဦးက ငမိုးရိပ်ရေကူဆည်များဖြစ်သည့် မဟူရာဆည်နှင့် ပေါင်းလင်းဆည်နှစ်ခု၏ ရေလှောင်ပမာဏမှာ ဧက ပေ ၁၈၀၀၀၀နီးပါးရှိပြီး ငမိုးရိပ်ဆည်ကြီး၏ ရေလှောင်ပမာဏနီးပါးရှိသဖြင့် လှည်းကူးမြို့နယ်အတွင်း ငမိုးရိပ်ကဲ့သို့သော ဆည်ကြီးတစ်ခု ထပ်မံပေါ်ထွန်းလာသည့် သဘောဖြစ်၍ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံ တည်ဆောက်ရေးတွင် ပါဝင်ခဲ့သော ဆည်မြောင်း ဦးစီးဌာနမှ မြို့ပြဝန်ထမ်းများကိုယ်စား ရန်ကုန်တိုင်းဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်သိန်းအားလည်းကောင်း၊ စက်မှုဝန်ထမ်းများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ဦးသန်းဝင်းအားလည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံ ဖွင့်ပွဲအစီအစဉ်ကို ရေလှောင်တမံထိပ် မင်္ဂလာမုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က စက်ခလုတ်နှိပ်၍ ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံကမ္ပည်း ကျောက်စာတိုင်ကိုဖွင့်လှစ်ပေးသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ဖဲကြိုးဖြတ်၍ ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံကို ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အတူဖွင့်ပွဲမုခ်ဦးရှေ့တွင် စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံ၏ ပင်မတမံ ရေထိန်းမျှော်စင်နှင့် ရေထုတ်ပြွန် တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ငမိုးရိပ်ရေလှောင်တမံ၌ ဧကပေ ၁၈၀၀၀၀၊ ပေါင်းလင်းရေလှောင်တမံ၌ ဧကပေ ၁၂၀၀၀၀နှင့် မဟူရာရေလှောင်တမံ၌ ဧကပေ ၅၆၀၀၀ ရေသိုလှောင်နိုင်မည့်အခြေအနေ၊ ပဲခူးရိုးမမှ စီးဆင်းလာသော ရေထုပမာဏ ဧကပေ ခြောက်သိန်းကျော်ရှိနိုင်ကြောင်းကို တွက်ချက်၍ ရပါကြောင်း၊ အဆိုပါရေများကို ငမိုးရိပ်ဆည်မှ ဖမ်းယူစုဆောင်းနိုင်မှုပမာမှာဧကပေ နှစ်သိန်းခန့်သာရှိပြီး ကျန်ဧကပေ လေးသိန်းကျော်မှာ ရေလွှဲပေါက်မှ ထုတ်ပစ်ခဲ့ရကြောင်း။

အဆိုပါ ငမိုးရိပ်ဆည်မှ ထုတ်လွှတ်ပေးရသည့်ရေများကို ယခင်ကတည်ဆောက်ပြီး ဖွင့်လှစ်ပြီးဖြစ်သည့်မဟူရာဆည်နှင့် ယခုဖွင့်လှစ်လိုက်သည့် ပေါင်းလင်းဆည်တို့ဖြင့် ဖမ်းယူစုဆောင်းခြင်းဖြင့် ယခင်ထုတ်လွှတ်ခဲ့ရသည့် ရေဧကပေ လေးသိန်းအနက်မှ ဧကပေနှစ်သိန်းနီးပါးကို စုဆောင်းရရှိနိုင်မှာဖြစ်ပြီး ငမိုးရိပ်ဆည်အတွင်းသို့ ရေဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် ငမိုးရိပ်ဆည်၊ မဟူရာဆည်နှင့် ပေါင်းလင်းဆည်တို့၏ ရေပိုလွှဲများတွင် လေးပေအမြင့်ရှိသည့် ရေတံခါးရွက်(Shuttors)များထပ်မံတပ်ဆင်ပေးခြင်းဖြင့် နောက်ထပ်ရေဧကပေ ခုနစ်သောင်းနီးပါး ထပ်မံစုဆောင်းရရှိနိုင်မည့် တွက်ချက်လေ့လာမှုများကိုလည်း ပြုလုပ်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ငမိုးရိပ်ရေလှောင်တမံနှင့် ဆက်စပ်ဆောင်ရွက်နေသောလုပ်ငန်းများမှ စိုက်ပျိုးရေပေးဝေရေးအတွက် သာမက ရန်ကုန်မြို့တော်၏ သောက်သုံးရေဖြန့်ဝေရေးကိုပါ အကျိုးပြုမှာဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြဖို့ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ်ရှိငမိုးရိပ်ရေလှောင်တမံသို့ သွားရောက်၍ ရဟတ်ယာဉ်ပေါ်မှ ရေသိုလှောင်ထားမှု အခြေအနေကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မတမံ တာပေါင်ပေါ်မှ မော်တော်ယာဉ်များဖြင့် ငမိုးရိပ်ရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှု အခြေအနေကို ထပ်မံကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံ ဒေသ ပရဆေးဥယျာဉ်တည်ဆောက်ရေး စီမံကိန်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပရဆေးဥယျာဉ်သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပရဆေးပင်အမျိုးပေါင်း ၂၅၈မျိုး စိုက်ပျိုးထားသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပရဆေးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ပရဆေးဥယျာဉ်အတွင်း လိုက်လံပြသရှင်းလင်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ အဓိကရောဂါကြီးခြောက်မျိုး ကုသပျောက်ကင်းနိုင်သည့်ပရဆေးများ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပရဆေးပင်အမျိုးပေါင်း ၇၉မျိုး စိုက်ပျိုးထားသော မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ပရဆေးဥယျာဉ်ကို သွားရောက်ကြည့်ရှုကြသည်။ ထိုမှတစ်ဆင့် ငမိုးရိပ်ရေလှောင်တမံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ **စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❍

လင်းလွန်း ၁၀၈ပင် မဟာရွှေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် မတ် ၂၂

ဧရာဝတီတိုင်းဖျာပုံခရိုင် ဘိုကလေးမြို့ သကံတောရကျောင်းတိုက် လင်းလွန်း ၁၀၈ပင် မဟာရွှေစေတီတော်မြတ်ကြီး၏ ပထမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို ရွှေတိဂုံစေတီတော် အဂ္ဂါသမာဓိအသင်း ဩဝါဒါစရိယ သကံတောရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူ၍ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို မတ် ၂၉ရက်မှ ဧပြီ ၁ရက်အထိ လည်းကောင်း၊ ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၁ရက်မှ ဧပြီ ၄ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ၁၃၆၅ ခုနှစ် တန်ခူးလပြည့်၊ ဧပြီ ၄ရက် တနင်္ဂနွေနေ့ ညနေ ၃နာရီတွင် ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်သည်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၃ မှ

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော်သို့ သောက်သုံးရေဖြန့်ဝေပေးမှု နောက်ခံသမိုင်း၊ ရန်ကုန်မြို့တော်သို့ လှော်ကားရေလှောင်ကန်၊ ဂျိုးဖြူရေလှောင်ကန်၊ ဖူးကြီးရေလှောင်ကန်နှင့် ကော်မတီပိုင်အဝီစိတွင်းများမှ နေ့စဉ် ရေဂါလန် ၉၅ သန်း ဖြန့်ဝေပေးနေမှု၊ ရန်ကုန်မြို့တော်နေ လူဦးရေ တိုးတက်လာသည်နှင့်အမျှ ပြည်သူများကို သောက်သုံးရေ ပိုမို ဖြန့်ဝေနိုင်ရန် ငမိုးရိပ် ရေလှောင်ကန်တွင် မြို့တော်ရေပေးဝေရေး စီမံကိန်းဆောင်ရွက်လျက်ရှိရာ ပထမဆင့်တွင် ရေခေါ်တူးမြောင်းနှင့် ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဒုတိယဆင့်တွင် ငမိုးရိပ်ရေတွန်းစက်ရုံ တည်ဆောက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်တည်ဆောက်ခြင်းလုပ်ငန်း၊ တတိယဆင့်တွင် ငမိုးရိပ်ရေတွန်းစက်ရုံမှ ရန်ကုန်မြို့အတွင်း ရေပို့ ပိုက်မကြီးသို့ ဆက်သွယ်တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ရေပိုက်ဆက်သွယ်မှု၊ ငမိုးရိပ်ရေလှောင်တမံ ပင်မမြောင်းမှ ဆက်သွယ်ပါက ပိုက်လိုင်းနှင့် မီးလိုင်းသွယ်တန်းမှု ၁၅ မိုင်ခန့် လျော့နည်းပြီး ကုန်ကျစရိတ် ထက်ဝက်ခန့် သက်သာမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြို့တော်ရေပေးရေး

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ငမိုးရိပ် ရေလှောင်ကန်မှ ရန်ကုန်မြို့တော် ရေပေးရေးအတွက် ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နွေစပါးစိုက်ပျိုးမှု

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ငမိုးရိပ်ရေလှောင်တမံ ရေသောက်ဒေသ၌ နွေစပါးစိုက်ပျိုးထားမှုနှင့် ဆည်ရေရရှိမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ လမ်းနှင့်တံတားခွန်များကောက်ခံရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်မှာကြား

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လမ်းနှင့်တံတားခွန်များ ကောက်ခံရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၂

လမ်းနှင့်တံတားခွန်များကောက်ခံရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပရာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းစစ်ဌာနချုပ်များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ယခုကျင်းပသည့် အစည်းအဝေးသည် နိုင်ငံတော်ပိုင် တံတားများ တံတားခွန် ကောက်ခံရေးနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးဖြစ်ကြောင်း၊ နိုင်ငံတော် အတွင်း တည်ဆောက်ထားသည့် တံတားများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောက်လုပ်သည့် တံတားများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဆောက်လုပ်သည့် တံတားများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအပ်နှံသည့်စနစ်ဖြင့် စစ်ထောက်ချုပ်ရုံးက ဆောက်လုပ်သည့် တံတားများရှိကြောင်း၊ ယင်းတံတားများ အနက် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တံတားကြီး ၇၂ စင်းကို တံတားအသုံးပြုခများ ကောက်ခံဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာနအစီအစဉ်ဖြင့် ၃၄စင်း၊ လေလံစနစ်ဖြင့် ၃၈ စင်း ကောက်ခံဆောင်ရွက်လျက်ရှိကြောင်း။

လေလံစနစ်ဖြင့်

ထို့ပြင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဆောက်လုပ်သည့် တံတား ၁၀ စင်းရှိပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစီအစဉ်အပြင် လေလံစနစ်ဖြင့်လည်း တံတားအသုံးပြုခများ ကောက်ခံဆောင်ရွက်လျက်ရှိသည့် တံတားများရှိကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနတို့အနေဖြင့် လေလံစနစ်ဖြင့်လည်းကောင်း၊ ဝန်ကြီးဌာန၏ လက်အောက်ခံဌာနများ အစီအစဉ်ဖြင့်လည်းကောင်း ကောက်ခံနေသည်များ ရှိကြောင်း၊ ထို့ကြောင့် ယင်းသို့ တံတားခွန်များကောက်ခံနေသည့် စနစ်အစား လေလံစနစ်ဖြင့် ကောက်ခံသည့်စနစ်ကို လာမည့် ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည့်အားလျော်စွာ ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ဆန်၊ စပါး၊ ပဲ၊ ပြောင်း စသည့်လယ်ယာထွက်ကုန်သီးနှံများကို ပြည်တွင်းတွင် လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ပြုထားပြီးဖြစ်ကြောင်း။

ယင်းသို့ ပုဂ္ဂလိက အခန်းကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ယခုကဲ့သို့ တံတားအသုံးပြုခများ ကောက်ခံသည့်စနစ်ကိုလည်း ဌာနဆိုင်ရာများအလိုက် ဆောင်ရွက်လျက်ရှိသည့် စနစ်အစား လေလံစနစ်ဖြင့် တစ်ပြေးညီ ပြောင်းလဲကျင့်သုံးခြင်းဖြစ်ကြောင်း။

ပြောင်းလဲကောက်ခံရေး

ယခု ပြောင်းလဲကျင့်သုံးမည့် တံတားအသုံးပြုခ ကောက်ခံခြင်းကို လေလံစနစ်ဖြင့် ပြောင်းလဲကောက်ခံရေးနှင့် ပတ်သက်ပြီး ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရန်ဖြစ်ပြီး လေလံစနစ်ဖြင့် ဆောင်ရွက်မည့် ကိစ္စရပ်များကို ၂၀၀၄ ခုနှစ် မတ်လကုန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက နိုင်ငံတော်ပိုင် လမ်း၊တံတားအသုံးပြုခ ကောက်ခံမှုများအခြေအနေ၊ လမ်းအသုံးပြုခ စမ်းသပ် ကောက်ခံလျက်ရှိသည့် ရွှေဘို-မြစ်ကြီးနားလမ်း၊ တမူး-ကလေးလမ်း၊ ကော့ကရိတ်- မြဝတီလမ်း၊ ကျိုင်းတုံ-တာချီလိတ်လမ်းနှင့် နောင်ချို-လားရှိုး-ကွတ်ခိုင်-မူဆယ်လမ်း စသည့် လမ်းမကြီး ငါးလမ်းနှင့် တံတားအသုံးပြုခ ကောက်ခံလျက်ရှိသည့် အထူးစီမံကိန်းဝင် ဧရာဝတီမြစ်ကူးတံတားကြီးခြောက်စင်း၊ စီမံကိန်းဝင် တံတားကြီး ၂၀ စင်း၊ သာမန်တံတား ၄၁ စင်း၊ သီးခြားနှုန်းထားဖြင့် ကောက်ခံသော တံတားလေးစင်း စုစုပေါင်း တံတား ၇၂ စင်းတို့မှ ကောက်ခံရရှိသည့် ဘဏ္ဍာရေးအခြေအနေ၊ သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံသော လေလံတံတား သုံးစင်းမှ သက်ဆိုင်ရာ လေလံရရှိသူအား လေလံစည်းမျဉ်းနှင့်အညီ အရေးယူဆောင်ရွက်ခဲ့မှု၊ လာမည့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်သွားမည့် လမ်း၊တံတားအသုံးပြုခကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များအား ကြိုတင်ဆောင်ရွက်ထားမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အသုံးပြုခကောက်ခံလျက်ရှိသည့် တံတားကြီး ၁၀စင်းမှ ကောက်ခံ ရရှိသည့်ဝင်ငွေ၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှစ၍ တံတားအသုံးပြုခ ကောက်ခံရန် စီစဉ်ထားရှိမှုဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ ကိုယ်စားလှယ်များက မိမိတို့၏ တိုင်းစစ်ဌာနချုပ်များအလိုက် တံတားအသုံးပြုခ ကောက်ခံလျက်ရှိသော တံတားများ၊ ကောက်ခံရရှိမှုဝင်ငွေနှင့် ကောက်ခံလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေး တက်ရောက်လာကြသည့် ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများက လမ်း၊ တံတားခွန်များ ကောက်ခံရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာအုပ်ဈေးပွဲတော် အထူးစည်ကား

ရန်ကုန် မတ် ၂၂

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ယခင်ရုံးချုပ်) အဆောက်အအုံ၌ ဆက်လက်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

စာအုပ်ဈေးပွဲတော်သို့ ဌာနဆိုင်ရာများ၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ၅၀၀၀ကျော်ခန့် လာရောက်လေ့လာ ဝယ်ယူအားပေးကြရာ ယနေ့တွင် ငွေကျပ် ၇၀၀၀၀၀ကျော်ဖိုး ရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ် ၂၈ရက်အထိ ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ အထူးလျှော့ဈေးနှုန်းဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၁၉၆၈၇၄

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Measure of Dispersion (စီးပွားရေး၊ အိမ်တွင်းစီးပွား)
- **၅:၃၀** ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်လေပြည်" ဇာတ်သိမ်းပိုင်း (အပိုင်း-၂၇)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၂၆)**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သံတွဲမြို့နယ် ကြာညိုကျေးရွာအုပ်စုရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ပေလီ ရော်ဘာနှင့် ဆီအုန်းခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၂၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဉ္စမအကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို ပဲခူးတိုင်း လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာအုပ်စု အတုလ အောင်နိမိတ်စေတီကျောင်းတိုက် ဓမ္မရိပ်သာကြီးတွင် ဧပြီ ၅ ရက်မှ ၁၁ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ဟောကြားမည်

တရားစခန်းပွဲတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ နယ်လှည့်ဓမ္မကထိက ဆရာကြီးဦးထွန်းမြတ်က ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားများ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် ဂွမြို့နယ် ကျိန္တလီမြို့နှင့် သံတွဲ-ကျိန္တလီလမ်းပိုင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများလိုက်ပါ၍ မတ် ၁၉ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြပြီး ရခိုင်ပြည်နယ် သံတွဲမြို့သို့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိုး၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်၊ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သံတွဲလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိုးတို့ လိုက်ပါ၍ သံတွဲခရိုင် ဂွမြို့နယ် ကျိန္တလီမြို့သို့ ရောက်ရှိကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ ဂွမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် အဖွဲ့ဝင်များ၊တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ကျိန္တလီမြို့ရှိပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းဧည့်ရိပ်သာ၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးလှတင့်တို့က ကျိန္တလီမြို့၏ အကျယ်အဝန်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၊ ကျေးရွာများ၊ ပညာရေး၊ ကျန်းမာရေး၊ မြို့စည်ပင်သာယာရေး၊ စိုက်ပျိုးရေး၊ ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ထားရှိမှု ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကျိန္တလီမြို့၏လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ကျိန္တလီမြို့ပတ် လမ်းဖောက်လုပ်မည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျိန္တလီပြည်သူ့ဆေးရုံကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ဂွမြို့နယ် ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးထွန်းအောင်နှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျိန္တလီပြည်သူ့ဆေးရုံရှိ ကာကွယ်ဆေး သိုလှောင်ထားရှိခန်း၊ခွဲစိတ်ခန်းနှင့် လူနာဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျိန္တလီရဲတပ်ဖွဲ့စခန်းကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည်သံတွဲမြို့နယ် ကြာညိုကျေးရွာအုပ်စုရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ပေလီရော်ဘာနှင့် ဆီအုန်းခြံခွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ပေလီရော်ဘာနှင့် ဆီအုန်းခြံခွဲတွင် စုစုပေါင်းမြေ၈၉ ဧက၌ စိုက်ပျိုးထားသော ဆီအုန်းများမှ တစ်နှစ်လျှင် ဆီအကြမ်း ၇၄၃၁ ပိဿာ ထွက်ရှိကြောင်းနှင့် သံတွဲခရိုင်တွင် ဆီအုန်း ၁၂၉ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိုးနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့နယ် ကျောက်ကြီးကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ကွန်ပျူတာပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် မြို့ပြများသာမက ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ကျေးလက်ဒေသ ပညာရေး အဆင့်မြင့်တင်ရေးကို အကောင်အထည်ဖော်ရာတွင် မူလတန်းအဆင့်၌ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးကို ဆောင်ရွက်လျက်ရှိပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသည့်အပြင် သင့်တော်သည့် ကျောင်းများတွင် တွဲဖက်ကျောင်း၊ ကျောင်းခွဲစသည်ဖြင့် အဆင့်တိုးမြှင့်ပေးလျက်ရှိကြောင်း။

ခေတ်မီနည်းပညာများကိုခေတ်မီနည်းစနစ်ဖြင့် သင်ကြားနိုင်ရေးအတွက် မာလ်တီမီဒီယာ စာသင်ခန်းများကို နိုင်ငံတော်၏ ဦးစီးဦးဆောင်ပြုမှု၊ စေတနာရှင်များ၏ ပံ့ပိုးမှုဖြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖွင့်လှစ်ပေး

အလားတူပင် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးနှင့် ကျေးလက်ဒေသ စီးပွားရေး တိုးတက်မှုအတွက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးအတွက် မျိုးကောင်း မျိုးသန့်များ ဖြန့်ဝေခြင်း၊ နည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤဒေသတွင် ရေတ်ကောင်းစိုက်ပျိုးရန် အထူးသင့်လျော်သဖြင့် စနစ်တကျစိုက်ပျိုးကြစေရန်၊ အထွက်နှုန်းကောင်းစေရန်ပညာပေးစခန်းများ ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသကြက်များကို အိမ်ထောင်စုတိုင်း မွေးမြူကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် အစီအမံများကိုသာ ချမှတ်ပေးနိုင်ပြီး အမှန်တကယ်ဆောင်ရွက်ကြရမည့် သူများမှာ ဒေသခံပြည်သူများပင်ဖြစ်၍ နိုင်ငံတော်၏ အစီအမံများနှင့်အညီ မိမိတို့ ဒေသဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သံတွဲမြို့နယ် ကျောက်ကြီးကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းအတွက် လှူဒါန်းသည့် ကွန်ပျူတာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပေးအပ်လှူဒါန်းရာ တာဝန်ခံကျောင်းအုပ် ဆရာကြီး ဦးခင်မောင်သင်းက လက်ခံပြီး သံတွဲမြို့နယ်ပညာရေးမှူး ဦးကျန်အောင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ရေတ်ကောင်းစိုက်ကွင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် သံတွဲမြို့နယ် ဇလွန်ကျေးရွာနှင့် မဒေးကျေးရွာအနီးရှိ စိုက်ဧက၇၅ဧကတွင် စိုက်ပျိုးထားသော မိရိုးဖလာ ရေတ်ကောင်း စိုက်ကွင်းကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး မိရိုးဖလာ ရေတ်ကောင်းစိုက်ပျိုးကြသော တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ထို့ပြင်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ရေတ်ကောင်း စိုက်ပျိုးရေး ပညာရှင်ဦးလှမြင့်က ရေတ်ကောင်း အထွက်နှုန်းတိုးရေး၊ ရောဂါကာကွယ်ရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး တို့ကို ပညာပေးဆွေးနွေးသည်။

သံတွဲခရိုင်၌ ၂၀၀၃-၂၀၀၄ခုနှစ်တွင် ရေတ်ကောင်းစိုက်ပျိုးရန်ဧက ၉၀၀ လျာထားခဲ့ရာ ၂၀၀၄ခုနှစ် မတ်၁၈ရက်တွင် ၃၃၈၇ ဒသမ ၄၀ဧက စိုက်ပျိုးနိုင်ခဲ့ပြီး သံတွဲမြို့နယ်အနေဖြင့် ၂၀၀၃-၂၀၀၄ခုနှစ်၌ ရေတ်ကောင်းစိုက်ပျိုးရန် ဧက ၃၀၀ လျာထားခဲ့ရာ ၂၀၀၄ခုနှစ် မတ် ၁၈ ရက်တွင် ၁၃၄၀ ဒသမ ၂၃ ဧက စိုက်ပျိုးပြီးစီးခဲ့သည်။

ထို့အတူ ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ရေတ်ကောင်းစိုက်ပျိုးရန် ၅၁၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၀၄ခုနှစ် မတ်၁၈ ရက်တွင် ၁၃၅၈၅ ဒသမ ၇၈ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် သံတွဲ-ဂွကားလမ်းရှိ သံတွဲ-ကျိန္တလီလမ်းပိုင်းကို ခရီးစဉ်တစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ရာ အဆိုပါသံတွဲ-ကျိန္တလီကျောက်ခင်းလမ်း မိုင်၄၀တွင် ကတ္တရာလမ်းအဖြစ် စုစုပေါင်း၁၄မိုင် ခင်းပြီးကြောင်းနှင့်တံတားငယ် ခုနစ်စင်းကို ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် သံတွဲမြို့သို့ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာခဲ့ပြီး သံတွဲမြို့၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၂

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟို အဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မတ် ၂၀ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည်။

ပြိုင်ပွဲကျင်းပရာသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ကောလိပ်၊သိပ္ပံနှင့် အခြေခံကျောင်းများ စာပေ၊ အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အဆင့်မြင့် ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် လုပ်ငန်းကော်မတီဝင်များ လာရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၇ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ သရက်ခရိုင်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ရက်က သရက်မြို့၌ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သိန်းလွင်နှင့် သရက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (အာမခံလုပ်ငန်း)

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေးတက်ရောက်မှာကြား

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၉ ရက် ညနေ၆နာရီတွင် တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ (ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးကြီး ဝေလွင်နှင့် စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးမှ မြန်မာပြည်အရပ်ရပ်ရှိ ဒေသများသို့ လည်းကောင်း၊ ရန်ကုန်မြို့တော်အတွင်း၌ လည်းကောင်း နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ရန်ကုန်မြို့တော်ကြီးနှင့် အခြားပြည်နယ်နှင့် တိုင်းများသို့ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်များဖြင့် နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများနှင့်ရန်ကုန်မြို့တော်အတွင်း ခရီးသည်တင် ဘတ်စ်ကားများ၊ မြို့ပတ်ရထားများ၊ သင်္ဘော၊ စက်လှေများဖြင့် နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွား ပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိတက္ကသိုလ်နှင့် ကောလိပ်များမှ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးရမည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်း ဥက္ကဋ္ဌများက သက်ဆိုင်ရာ မော်တော်ယာဉ်လိုင်းများ အလိုက် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်အတွင်း နေ့စဉ်သွားလာလျက်ရှိသည့် မော်တော်ယာဉ်များကို မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ ဆောင်ရွက်စေရန် ရေဒီယို အသံလွှင့်ဌာနများ၊ ရုပ်မြင်သံကြားလွှင့်ဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များတွင် အခါအားလျော်စွာ ဖော်ပြလျက်ရှိကြောင်း၊ ယခုအခါ ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပသည့် မြို့တော်ကြီးဖြစ်စေရန် ဆောင်ရွက်လျက်ရှိရာ ယာဉ်မောင်းသူများမှ မိမိမောင်းနှင်သည့် ယာဉ်ပေါ်၌ လိုက်ပါစီးနင်းသူများမှ အမှိုက်များစည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးချခြင်း မရှိစေရန် သန့်ရှင်းရေးအသိစိတ်ဖြင့် တားဆီးကြရေးကို တာဝန်ရှိသူများက စည်းရုံးကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ လျော့ကျသွားစေရန် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက စနစ်တကျကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မတ် ၂၀ ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဦးဝိစာရလမ်းနှင့်ဓမ္မာရုံလမ်းဆုံ ရေမြောင်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်အား သီရိလင်္ကာအဖွဲ့ တွေ့ဆုံ

ရန်ကုန် မတ် ၂၂

ရန်ကုန်မြို့တွင် ရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ National Gem & Jewellery Authority မှ ဒါရိုက်တာအဖွဲ့ဝင် Mr. Eranga Basnayake ခေါင်းဆောင်သည့်အဖွဲ့ဝင် ၁၄ ဦးပါဝင်သောအဖွဲ့သည် မတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လေ့လာပြီး ပြပွဲဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

စစ်ရေးပြစစ်ကြောင်းများ တည်းခိုရာစခန်းများ၌ အဆို၊ အက၊ ဟာသ၊ ရုပ်ရှင်များဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မတ် ၂၂

(၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာ စခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီ စင်တင်တေးဂီတအဖွဲ့)၊ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက အဆို၊ အက၊ ဟာသ၊ ရုပ်ရှင်များဖြင့် မတ် ၁၉ ရက် ည ၇ နာရီတွင် ဖျော်ဖြေကြသည်။

ထိုသို့ ဖျော်ဖြေရာတွင် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီ စင်တင်တေးဂီတ) အဖွဲ့နှင့်အတူ စတူဒီယို တေးသံရှင်များကလည်းကောင်း၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ အဖွဲ့ငယ်က အဆို၊ အက၊ ဟာသများဖြင့်လည်းကောင်း၊ တပ်မတော် အရိုးကုဆေးရုံကြီး ခုတင် ၅၀၀ ရှိ ဗန္ဓုလစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲအဖွဲ့က အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မြဝတီစစ်ကြောင်းနှင့် ကျန်စစ်သားစစ်ကြောင်းတို့တွင် “ငရဲသား” မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၁၁)ရပ်ကွက် ချော်တွင်းကုန်းတုလွတ် အောင်မြေ ကျောင်းတိုက်အတွင်းရှိ ဝိဇ္ဇာသိဒ္ဓိမဟိဒ္ဓိဓမ္မာရုံကြီး၌ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိလာသ (နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်) ဝိနည်းဓိုရ်ဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဘာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များကို ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ်ဖွဲ့စုံသာသနာရာမ ကျောင်းတိုက်ကြီးမှ (သာသနာပြုနယ်လှည့်ဓမ္မကထိက) ဆရာတော် ဦးဝိစိတ္တသည် မတ် ၂၁ ရက် မှ ၂၅ ရက် အထိ ညစဉ် ၇ နာရီမှ ၈ နာရီခွဲအထိ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရေငန်ပုစွန်မွေးမြူရေးစခန်းများ ဒုတိယဝန်ကြီး ဦးအောင်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သိန်းသည် တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းလိုက်ပါလျက် မတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် တာတာငယ်ကျွန်း၌ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်လျက်ရှိသော မြန်မာအကွာမတ်ကုမ္ပဏီလီမိတက်၏ အဆင့်မြင့် ရေငန်ပုစွန်သားပေါက် ထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိပြီး လုပ်ငန်းများ စစ်ဆေးသည်။

မတ် ၁၈ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျွန်းစုမြို့နယ် မအိုင်ကျွန်း၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော မြန်မာအကွာမတ်(ပြင်သစ်)ကုမ္ပဏီ လီမိတက်၏ ရေငန်ပုစွန် အသားတိုး မွေးမြူရေးစခန်းသို့ သွားရောက်စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယ ဝန်ကြီးသည် မြိတ်မြို့ ကျောက်ဖျာ ကျေးရွာအုပ်စု လော့လော့ကျေးရွာ သမုတ်မြစ်ဘေး၌ ဆောင်ရွက်မည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ပထမအဆင့် ဧက ၂၅၀ကျော် ရေငန်ပုစွန်အသားတိုး မွေးမြူရေးလုပ်ငန်းစီမံချက်စခန်းသို့ သွားရောက်စစ်ဆေးသည်။

မတ် ၁၉ ရက်နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မြိတ်မြို့ အင်းလေးမြိုင်ရပ် မြိတ်စက်မှုဇုန်ရှိ အေအက်စ်ကေ အန်ဒမန်လီမိတက်၏ အသစ်ဆောက်လုပ်ပြီးစီးပြီဖြစ်သော တစ်နေ့တန် ၂၀ ကျ ငါးအသားလွှာကြိတ်စက်ရုံနှင့် တစ်နေ့တန် ၃၀ ကျ ငါးအမှုန့်ကြိတ်စက်ရုံများသို့ရောက်ရှိရာ အဆိုပါ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ မစ္စတာဘတ်ကွမ်းက စက်ရုံစမ်းသပ်လည်ပတ်နေမှုနှင့် ဂျပန်ပညာရှင်များ အနီးကပ်ကြီးကြပ်နေမှု အခြေအနေတို့ကို လိုက်လံရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အသင့်စားသုံးနိုင်သော ငါး၊ပုစွန် အစားအစာများ ကမ္ဘာ့အဆင့်မီတင်ပို့ရောင်းချနိုင်ရေးနှင့် စက်ရုံအရည်အသွေးထိန်းသိမ်းရေး၊ စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၂

ဂျပန်နိုင်ငံ သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ၏ တတိယအကြိမ် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲ ဆုနှင်းသဘင်အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် မဟာသာသနဝေပုလ္လကျောင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဗုဒ္ဓစာပေနှင့်စာအောင်ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ မဟာသာသနဝေပုလ္လ ကျောင်းတိုက်နာယက ဆရာတော် ဘဒ္ဒန္တ ဓမ္မတိက္ခက ဩဝါဒစကား မိန့်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် တာဝန်ရှိသူများက စာအောင်သံဃာတော်များ၊ သီလရှင်များနှင့် ဆုရရှိသူများအား ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုများကို ဆက်ကပ်လှူဒါန်းချီးမြှင့်ကြသည်။

(သတင်းစဉ်)

မတ် ၂၀ ရက်က ပန်းဘဲတန်းမြို့နယ် ၃၂လမ်း(အလယ်)နှင့် ဆူးလေဘုရားလမ်း(အလယ်) နောက်ဖေးလမ်းကြား အမှိုက်များကို ရပ်ကွက်နေပြည်သူများက ကျပ် ၂၅၀၀၀၀၊ စေတနာရှင် ဦးသန်းမောင်(စန်းသော်က စတ္တူ)က အလှူငွေ ကျပ်နှစ်သောင်း ထည့်ဝင်၍ စနစ်တကျစွန့်ပစ်ရန် ဆောင်ရွက်စဉ်။ (၁၉)

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၂

ရခိုင်ပြည်နယ် ကမ်းထောင်းကြီးမြို့ မြောက်ဘက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဇောတ၏ တပည့်များဖြစ်ကြသော ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ အရှင်ပဏ္ဍိတနှင့် အရှင်ပုညဇေတိုအား မတ် ၂၆၊ ၂၇နှင့် ၂၈ ရက်များတွင် ကမ်းထောင်းကြီးမြို့ မြောက်ဘက်ကျောင်းတိုက်တွင် ပူဇော်ပွဲကျင်းပမည်ဖြစ်သည်။

(က-ပ)

တောလခဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းခွင် စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်

တောလခဲ မတ် ၁၈

ကယားပြည်နယ် တောလခဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်/မြို့နယ်ခွဲရုံး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းခွင် စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၂/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားကို မတ် ၈ ရက် နံနက် ၉ နာရီတွင် တောလခဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အဆောက်အအုံခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကံထွန်း တက်ရောက်အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဌေးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

(ခရိုင်ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် မတ် ၈ရက်က ပန်းတောင်းမြို့သို့ ရောက်ရှိပြီး အမှုဆောင်အရာရှိ ဦးအေးဝင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့နှင့်အတူ (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဥသျှစ်ပင်ဈေးသန့်ရှင်းရေးဆောင်ရွက်မှု၊ မီးဘေးလုံခြုံရေးဆောင်ရွက်မှုများနှင့် ဈေးအတွင်း ဆိုင်ခန်းအသစ်များ ဆောက်လုပ်ရန် မြေနေရာလျာထားမှု အခြေအနေတို့ကို စစ်ဆေးကြည့်ရှုစဉ်။ (နယ်စပ်စည်ပင်)

၁၀ရက် တရားစခန်းဖွင့်မည်

မော်လမြိုင် မတ် ၁၆

မော်လမြိုင်မြို့ ဈေးကြိုဒေါင်းဇရပ် ဖောဓိအောင်မြေ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကန္နီရွှေသိမ်တော်တောရ ဆရာတော်၏ ဥပနိဿယအတိုင်း သံသာရမဂ္ဂပါရဂူစာတမ်းနှင့် ပဋိသန္ဓာရအနုပါဒိသေသနိဗ္ဗာန ကျမ်းပြုဆရာတော် မဟာထေရတိဿ၏ တပည့်ပါဠိ၊မြန်မာ ငါးဘာသာဂုဏ်ထူးအောင် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ(နိကာယပါရဂူ) ပစ္စက္ခဉာဒ္ဒတ္တ ဝိစာရက ဧပြီ ၉ ရက်မှ ၁၈ ရက်အထိ ၁၀ ရက် တရားစခန်းဖွင့်လှစ် ဟောကြားပြသမည် ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

တရားဝင်လိုသူများ မောင်ငံ(၂၈) အိမ်ရပ် ဒေါက်တာစံဖေ (အေးချမ်းမြဆေးကုခန်း) ဖုန်း၀၅၇-၂၂၃၅၂ နှင့် ဖောဓိအောင်မြေ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ဈေးကြိုဒေါင်းဇရပ် မော်လမြိုင်မြို့သို့ ဆက်သွယ်စာရင်းပေးသွင်း၍ တရားစခန်းဝင်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မြို့မဈေးကြီးတွင် ဇာတ်တိုက်လေ့ကျင့်

ရွှေဘို မတ် ၁၇

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ညွှန်ကြားချက်များအရ ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေး တတိယအကြိမ် ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများကို မတ် ၅ ရက် နံနက်က ဆောင်ရွက်ကြသည်။

သရုပ်ပြ

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မြို့နယ်မှူး ဦးစောထွန်းတို့က ဦးဆောင်၍ ဈေးမိဈေးဖများ၊ စည်ပင်သာယာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၅ ဦးတို့က အဖွဲ့ပိုင်မီးသတ်ထော်လာဂျီတစ်စီးနှင့် မီးသတ်ကားနှစ်စီးတို့ကို အသုံးပြု၍ မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို လက်တွေ့လေ့ကျင့် သရုပ်ပြကြသည်။

(မြို့နယ်စည်ပင်)

အာစရိယပူဇော်ပွဲကျင်းပမည်

ရေတာရှည် မတ် ၁၅

ရေတာရှည် အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး သက်ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်း ကျောင်းသား၊ ကျောင်းသူများက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီလ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရေတာရှည် အထက ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)မှ ဧပြီ ၃ရက် (စနေနေ့)တွင် သွားရောက်မည်ဖြစ်သည်။ လှူဒါန်းလိုသူများ ဦးမောင်မောင်ကြည် ဖုန်း၀၁-၅၄၆၀၁၁၊ ဗိုလ်မှူးကြည်မြင့် ဖုန်း၀၁-၃၈၁၂၄၁၊ ဦးစောသန်းအောင်ဖုန်း၀၁-၅၄၀၇၀၁၊ ၀၉-၉၉-၂၈၀၅၈ နှင့် ဦးတင့် ဖုန်း၀၁-၅၇၈၇၆၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ချောက်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ချောက် မတ် ၂၀

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဗဟန်းကြားတောရလမ်းမကြီးပေါ်ရှိ တရားရုံးချုပ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ချောက်မြို့နယ်သူ၊ မြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

ဘီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဒေါက်ရပ်-ခဲမောက်ကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကြီးတို့က မတ် ၁၆ရက်က စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ထာဝရငွေပဒေသာပင် လှူဒါန်း

မကွေး မတ် ၁၅

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်ထာဝရ ငွေပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၅ရက်က တိုင်းပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းတွင် ကျင်းပရာ မကွေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊တိုင်း အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက ထာဝရငွေပဒေသာပင် လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း ဇနီး ဒေါ်ငြိမ်းငြိမ်းထိုက်မိသားစုတို့က အလှူငွေကျပ် ငါးသိန်းကို တိုင်းပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးသန်းဝေသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဦးကျော်ဝင်း-ဒေါ်တင်တင်ချို(ထိန်ထိန်သာဘော်ဒါ) မိသားစုတို့ကကျပ်ငါးသိန်း၊ဦးဘိတင်-ဒေါ်စမ်းစမ်းဝေ မိသားစုတို့က ကျပ်ငါးသိန်း၊ ဦးအေးသွင်-ဒေါ်လှမြင့်ထူး မိသားစုတို့က အလှူငွေ ကျပ် ငါးသိန်း၊ ကုန်သည်ကြီးများအသင်းက အလှူငွေကျပ် တစ်သိန်းတို့ကို လက်ခံယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ချီးမြှင့်သည်။

(အောက်ပုံ) (၅၀၄)

မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့နာယက ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

မန္တလေး မတ် ၁၄

၂၀၀၄ ခုနှစ် မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့နာယကဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မတ် ၁၁ ရက် ညနေ ၃ နာရီခွဲက မန္တလေးမြို့ အားကစားပြိုင်ကွင်းတွင် မန်းစည်ပင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကြရာ မန်းစည်ပင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ မန္တလေးတိုင်း အားကစားနှင့်ကာယပညာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမောင်ပုနှင့်ကော်မတီဝင်များ၊ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွှန့်နှင့် ဌာနဆိုင်ရာ အရာရှိများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်မြတ်ငွေနှင့် နာယကအဖွဲ့ဝင်များ၊ တိုင်းအမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းအေးမြနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများ၊ ဒိုင်လူကြီးများ၊ ဘောလုံးအားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ ထို့နောက်ဗိုလ်စွဲသွားသည့် မန်းစည်ပင်အသင်းအား ပထမဆုငွေကျပ် ငါးသောင်းနှင့် ပထမဆုဖလားကို မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်မြတ်ငွေက ချီးမြှင့်လိုက်ကြောင်းသိရသည်။ **(အောက်ပုံ)** **(က-ပ)**

မြို့နယ် သတင်းများ

မြင်းခြံမြို့ ဗလုံ-ကန်ဆင့် ကျေးရွာချင်းဆက်မြေသားလမ်းဖွင့်

မြင်းခြံ မတ် ၂၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ဖောက်လုပ်သော ဗလုံ-ကန်ဆင့် ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၈ နာရီတွင် ကန်ဆင့်ကျေးရွာရှေ့မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်၊ ရုံးချုပ်မှ ညွှန်ကြားရေးမှူး(စစ်ဆေးရေး) ဦးကျော်လှိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူနှင့် ကျေးရွာလူမှုရေးအသင်းအဖွဲ့များတက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ မြေသားလမ်းကို မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေ ကျပ် ၉၂၅၀၀၀ ဖြင့် မြေသားလမ်းအဖြစ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ရာသီမရွေး သွားလာနိုင်ရန် စည်ပင်သာယာရေးအဖွဲ့၏ ယန္တရားနှင့် အင်ဂျင်နီယာ ပံ့ပိုးကူညီမှုဖြင့် ကျောက်ချောလမ်း အဆင့်မြှင့်ဖောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။**(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

မွေးနေ့မင်္ဂလာဆုမွန်လွှာ

မစိုးသီရိသန္တာ (Super Girl)

စံပြအင်ဂျင်နီယာ

(Final Year, B.E Mechatronic) MTU

၂၃-၃-၂၀၀၄ရက်တွင် ကျရောက်သည့် မွေးနေ့မှသည် ပျော်ရွှင် ချမ်းမြေ့စရာ မွေးနေ့ပေါင်းများစွာကို ပိုင်သည့် "အတိဇာတ"သမီး ရတနာလေးဖြစ်ပါစေ---။

မေမေ-ဒေါ်ကြည်ကြည်ဝင်း
အထပြ၊ ငြိမ်း
KKW ရန်ကင်းဓာတု။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ ဘိုးရာဇာလမ်း၊ ခြံအမှတ် (၂၀-က)နေ ဦးခင်မောင်ဦး-ဒေါ်ကြူကြူအောင်တို့၏ သားကြီး

မောင်အောင်သန့်ဇင်ဦး (ခ) အန်းကူ B.Sc (Geology)

(စေတနာဦး ဆေးစတိုး၊ မြဝတီမြို့) နှင့်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၂)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၈/၁၀၈)နေ (ဦးသိန်းဝင်း)-ဒေါ်စန်းစန်းရွှေတို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၀)လမ်း၊ အမှတ်(၅၇)နေ ဒေါ်ချူးလှိုင်တို့၏ သမီးတူမ

မမို့မို့ဝင်း (ခ) Snow White

B.Sc (Maths), F.G.A (London)

တို့သည် ၂၂-၃-၂၀၀၄နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်သန့်ဇင်ဦး-မမို့မို့ဝင်း။

Yan Aung

MIT MPEC

Visual Basic Programming

Client Sever Application Development Level(1)

- Visual Basic 6.0
- Access 2000
- Crystal Report

Time: 12 am to 3 pm(Sat,Sun) "15% Off"

Date : 28.3.2004

MIT မှ Experience ရှိသော Project Manager ... 25% Discount

N-1,Padonmar Stadium,Bargayar Road,Sanchaung Tsp

Ph : 502801, 505278, 539151

MT&K Tourism Co.,Ltd

လူမျိုးသဥ္စာနွယ် B.A,(Inter C-BC) အတွက် မွေးနေ့ဆုမွန်

NEW MOTION TRAVELS CO., LTD.

Air Bag, Aircon Bus, Standard Hotel, Restaurant, Medical Care, Guide Service

Mar;26 Mar;26 Apr;2 Mar;27

Ph: 725 799, 537 024

Happy Birthday

HLA MYO THIN ZAR NWE

Wishing you have got a marvellous birthday and hoping that each coming year will bring the best things as you wish in life to you.

Thazin, Haymar, Nimar
Inter C-B.C

Ph:704412, 547295 Ph:240860

Gumbo Learning Through GMAT Techniques

For MBA Entrance

Date : 25.3.04 to 9.4.04 (Intensive Course)

Contact : 556224

Leadership Skills Development Course

3 - 3 - 04

MENTOR BMC Business & Management School

Ph: 01-240570

FORWARD English Language Centre

B.A (English), M.Phil, M.A (Ex-Assistant Lecturer)

General English IELTS

INTERMEDIATE / UPPER INTERMEDIATE

Speaking, Listening, Reading, Writing & Grammar

227082

MYANMAR RYOKO

(01) 704228, (Res) 619464

HOTEL & CAR

PENGUIN MILLENNIUM

System Admin	Linux Basic	C & C++
Hardware	Linux Network	O.O.P
Network Level-2	Graphics	VB / Java

Tel : 537373

TTA & Brothers Car Rental

Mini Bus

Ph : 380837 / 380839

အကောင်းကြိုက်သူများ

တင်တင်အေး(ထိပ်တန်း) မုန့်ဟင်းခါးအထူးအော်ဒါမှာလိုသူများ အမှတ်(971-B)၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်တွင် ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း-၆၆၄၄၅၀၊ ၀၉ ၈၀ ၂၄၄၃၀
ဦးကျော်မြင့်-ဒေါ်တင်တင်အေး
တင်တင်အေး(ထိပ်တန်း) မုန့်ဟင်းခါးပင်ရင်း။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။**

MCC

....

IDCSသင်တန်း (... IADCS နှင့် BCIS (LONDON metropolitan university)သို့ ...)

ကိုကျော်စွာငြိမ်း(ခ)ဂူဂူးစံ

အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်(၁၄၈)၊ အခန်း(၂၀၁)နေ (ဦးကျော်ငြိမ်း)-ဒေါ်ရင်ရင်တို့၏သား၊ ဘိုကလေးမြို့နေ တရားရုံးချုပ်ရှေ့နေ ဦးငွေးညွန့်-ဒေါ်ဆွေဆွေကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ အောင်ချမ်းသာလမ်း၊ တိုက်(၁၄၈)၊ အခန်း(၃၀၁)နေ မအိရွှေစင်ငွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်ဦး၊ ဒေါ်စန်းစန်းကြည်၊ ဦးမြင့်အောင်၊ ဒေါ်မြင့်မြင့်ခိုင်တို့၏ ညီမောင်၊ မဇာနီငြိမ်း၊ မကဥ္စာငြိမ်းတို့၏အစ်ကို၊ တူ၊ တူမ(၄)ယောက်တို့၏ဦးလေးသည် ၂၁-၃-၂၀၀၄နေ့တွင် ရန်ကုန်မြို့အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၀၄ရက်နေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

April 12 သို့ ...

Family

ကာန်ကွက်နိုင်ပါသည်။

ဦးချမ်းအေး (၈၅)နှစ်

တောင်ကုတ်မြို့(ကင်းတောင်ကြီး)

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ နန်းရှေ့(နန်းမြို့တော် စတိုးနှင့်စက်ပစ္စည်းရောင်းဝယ်ရေး)နေ ဦးခင်မောင်ရီ-(ဒေါ်ထားတင်)၊ မကွေးမြို့၊ ဆားစည်ရပ်၊ အောင်မင်္ဂလာလမ်းနေ ဦးအုန်းမောင် (Kang Long Co; Ltd) ဒေါ်ခင်မာကြည် (အင်ဂျင်နီယာ-ငြိမ်း)၊ မှော်ဘီမြို့ တိုးချဲ့(၂)အနောက်ခြမ်း၊ ပန်းဝါလမ်းမကြီးနေ ဒေါ်ခင်ညိုညို (ဒုစက်ရုံမှူး၊ အမိုးပြားစက်ရုံ)၊ ဒေါ်ခင်ကြူကြူ (ဘဏ္ဍာရေး၊ ကျောက်ပြားစက်ရုံ)၊ ဒေါ်ခင်ထားထား (ကစလ-၂၊ငြိမ်း)၊ ဦးတင်မောင်အေး-ဒေါ်တင်တင်တို့၏ဖခင်၊ မြေးခြောက်ယောက်နှင့် မြစ် ၁၀ ယောက်တို့၏ အဘိုး ဦးချမ်းအေးသည် ...

ခရစ်တော်၌အိပ်ပျော်ခြင်း

စောသိန်းလှိုင်(၇၈)နှစ်

ကြည့်မြင်တိုင်မြို့နယ်ကောင်စီဝင်(ဟောင်း)

ကြည့်မြင်တိုင်မြို့နယ်

စစ်မှုထမ်းဟောင်း၊ အတွင်းရေးမှူး

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ စောတေလိန်းလမ်းသွယ်၊ အမှတ်(၄)နေ ဦးလှဒင်-ဒေါ်ရွှေစိန်တို့၏သား၊ ဒေါ်လှကြိုင်၏အစ်ကို၊ နော်ဖောနဲမူး-[စောမောင်ဝင်း(ခ) လွမ်းမောင်ရွှေ]၊ နော်ကြာဖော-စောဒေးဗစ်၊ စောအယ်ကော်(ခ)ဖိုးခွားကြီး၊ စောဆာထူး-မခင်စန်းလွင်၊ နော်သွဲ့ဖော-ကိုသက်နိုင်ထွန်း၊ နော်သလေးဖော-စောကျော်ဝေတို့၏ မွေးသမိခင်၊ နော်မီးမီးဆို၊ နော်ထက်ထက်အောင်၊ နော်နွယ်နွယ်အောင်၊ ငြိမ်းပြည့်စုံ၊ ငြိမ်းချမ်းသူ၊ ကျော်သင်ဦး၊ ပန်းနဝေ၊ ...

ဒေါ်စောမြဥ (ဒေါ်ဥ)

အသက် (၆၈) နှစ်

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆဋ္ဌသံဂီတိကာရက အဘိဓမ္မ ပဋ္ဌိဝိသောဓကေ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

ဘဒ္ဒန္တ စိန္တိတ မဟာထေရ်

သိက္ခာတော် (၆၃)ဝါ၊ သက်တော် (၈၃)နှစ်

မန္တလေးတိုင်း၊ ညောင်ဦးခရိုင်၊ ညောင်နီကျင်းကျေးရွာ၊ ဥယျာဉ်ကျောင်းဆရာတော် ဘဒ္ဒန္တစိန္တိတမဟာထေရ်သည် ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁-၁၂ရက်၊ ၁-၄-၂၀၀၄ (ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ဒါယိကာမ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ၊ တပည့်ဒါယကာ ဒါယိကာမများ။

ဘုရား၊ ကျောင်း၊ သိမ်၊ ရဟန်းဒါယိကာမကြီး

ဒေါ်မြလေး (၈၄)နှစ်

(ဒွေးမျက်မှန်)

အမှတ် (၂၈၄)၊ ပန်းဆိုးတန်းလမ်း၊ ...

ဘုရား၊ကျောင်း၊သိမ်၊ရဟန်းဒါယိကာမကြီး

ဒေါ်မြလေး(၈၄)နှစ်

(ဒွေးမျက်မှန်)

အမှတ် (၂၈၄)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့နေ (ဒေါက်တာဦးဒွေး) ၏ ...

ဦးခင်လတ် (၇၆)နှစ်

ဦးဥက္ကာ (၆၂)နှစ်

B.E (P.P)

ဦးမြသိန်း (၆၄)နှစ်

ဦးမြသန်း(ခ) ဦးအန်ကုလား အသက်(၆၈)နှစ်

ဒေါ်ကျင်ငွေး အသက်(၄၄)နှစ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်သန်းခင်(အန်တီကြီး) (၈၃)နှစ်

ဦးအောင်ကျော်ထွန်း အသက်(၇၁)နှစ်

ဒေါ်ခင်စီ(ခ)ဒေါ်တုတ် အသက်(၆၁)နှစ်

ဗိုလ်မှူးဆွေသန်း(ငြိမ်း) အသက်(၆၂)နှစ်

ဦးကြည်လင်(၄၄)နှစ်

B.Sc (Bot:)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါ်ခင်မြင့် (၇၉)နှစ်

ဦးမောင်ဝင်း (၆၈)နှစ်

ဒေါ်သန်းသန်းဦး အသက်(၅၀)

B.Sc (Zool)

ဦးအောင်ချိုအေး အသက် (၄၀)

မောင်အောင်သူ (၂၄)နှစ်

ဒေါ်ခင်လေးကြိုင် (၈၁)နှစ်

ဒေါ်ကျင်ငွေး (၄၄)နှစ်

ကိုမျိုးမြင့်အောင် အသက်(၃၃)နှစ်

ကိုကျော်မင်း(ခ) ကိုဟုံလေး အသက်(၅၀)

B.A(Myanmar)

... တော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

... အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184



နိုင်ငံတော်အတွင်း ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်းမှုများ လက်ညှိုးထိုးမလွဲ တွေ့မြင်နေရ လမ်းတံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ ပြည်နယ်နှင့်တိုင်းအားလုံးတွင် ပျံ့နှံ့လွှမ်းခြုံ နိုင်ငံတော်၏စေတနာ ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပြည်သူများ၏တာဝန် ကျေပွန်စွာထမ်းရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၂၀ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ လားရှိုးမြို့နယ် ကောက်ကွေ့ချောင်း ရေလှောင်တမံ တည်ဆောက်ရေးအတွက် မြေပြင် အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်လိုက်ပါလျက် မတ် ၂၀ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပျားလိမ္မော်

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီခွဲတွင် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ၂ ဒသမ ၇၅ ဧကပေါ်တွင် ဆင်းရွှေလီ ပျားလိမ္မော်အပင် ၄၁၅ပင် စိုက်ပျိုးထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၁၀ ကော်လံ ၁ သို့

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံကို ဝေဟင်မှ တွေ့ရစဉ်။

(သတင်း–ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပါကစ္စတန် အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၄ခုနှစ် မတ် ၂၃ရက်၌ ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မီယာ ဇာဖာရူလာခန်း ဂျမာလီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ကြေးမုံ

သတင်း၊ ဆောင်းပါး အညွန်း

"တပ်မတော်သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အသက်၊ သွေး၊ ချွေး ရင်းနှီးကာ တိုက်ဖျက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိအကျိုးစီးပွား သက်သက်သာ မဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံးအတွက်ပါ အထောက်အကူပြု ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။"

စိုးငြိမ်းစံ၏ (၅၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး **"မူးယစ်ဆေးဝါး အန္တရာယ်ကို တားဆီးကာကွယ်ပေးနေသည့် စွန့်လွှတ်စွန့်စား တပ်မတော်သားများ"**ကို စာမျက်နှာ(၈)နှင့်(၉)တွင်လည်းကောင်း၊ **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်"** ဓာတ်ပုံမှတ်တမ်းကို စာမျက်နှာ(၇)၊ မြင်းမူမောင်နိုင်မိုး၏ **"ငါတို့ချစ်သည် မြန်မာပြည်"** ကဗျာကို စာမျက်နှာ(၁၃)နှင့် လှထွဋ်ဦး၏ ကာတွန်းကို စာမျက်နှာ(၁၁)တွင် ဖော်ပြထားပါသည်။ **(ကြေးမုံ)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး